# ရောင်းမှု

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 8 December 2022 ၁၀၉၄၃


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mongkol Visitstump သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်မှု၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

> နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

ယနေ့ ဖတ်စရာ

### မိသားစုဘဝ ပိုမိုလှပဖို့ လမ်းလျှောက်ကြပါစို့

ဆောင်းပါး စာမျက်နှာ » ၁၁

### အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ကမ္ဘာတစ်ဝန်းစည်းလုံးစို့

ဆောင်းပါး စာမျက်နှာ » ၆

### We Tech Expo ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသရန် ဖိတ်ကြား

စာမျက်နှာ » ၂၀

ရင်းနှီးခွင့်ကြည့် သွေးခွင်းဟိန္ဒာနု

### တိုင်းရင်းသားရိုးရာစကားထာဥာဏ်စမ်းများ

စာမျက်နှာ » ၁၈

### တောင်သမန်အင်း တောင်ယွန်းယွန်းက နှစ်ဆောင်ပြိုင်ဇရပ်

စာမျက်နှာ » ၁၉

ကြေးမုံ

# ခရီးသွားစီးပွားဆက်စပ်ဖော်ဆောင်

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့စီးပွားရေးကို အထောက်အပံ့ပြုသည့် အရေးကြီးသောကဏ္ဍများအတွင်းမှ တစ်ခုဖြစ်ပြီး အလုပ်အကိုင် ၁၀ မျိုးတွင် တစ်မျိုးသည် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ခရီးသွားလုပ်ငန်းများနှင့်ဆက်စပ်၍ အလုပ်အကိုင်ပေါင်း သန်း ၃၂၀ ကျော် ဖန်တီးပေးပြီး ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းရှိသည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ မှတ်တမ်းများအရ သိရသည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်မှာ ထင်ရှားပါသည်။

ခရီးသွားလုပ်ငန်းကို အကြောင်းပြု၍ ပေါ်ထွက်လာသော စီးပွားလုပ်ငန်းများမှာ များပြားလှသဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို သိသာစွာအထောက်အကူပြုနေသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ရက်ပေါင်း ၂၀ ဆက်တိုက် ၁ ရာခိုင်နှုန်းအောက်သာရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေး နောက်ဆုံးထုတ်ပြန်ထားသည့် ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အားလုံးပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုက်တွန်းထားသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၀၀ ကျော်သည် ခရီးသွားလုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်သည်။ ခရီးသွားကဏ္ဍကို ဖွင့်လှစ်လိုက်သည့်အတွက် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကမ္ဘာအနှံ့မှ ကမ္ဘာလှည့် ခရီးသည် သန်း ၇၀၀ ခန့်သည် နိုင်ငံအသီးသီးသို့ လှည့်လည်ဝင်ရောက်ခဲ့သည်။ ယခုနှစ်တွင် ယမန်နှစ်အလားတူကာလထက် ၁၃၃ ရာခိုင်နှုန်း ပိုမိုဝင်ရောက်ခဲ့သည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်ကာလ၏ ၆၅ ရာခိုင်နှုန်းအထိ ပြန်လည်ရောက်ရှိခဲ့သည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရသိရသည်။ ထို့အပြင် ခရီးသွားလုပ်ငန်းသည် ဟိုတယ်၊ မိုတယ်၊ သွားလာလည်ပတ်မှုကဏ္ဍများသာမက အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် အထောက်အပံ့ပြုနေသည်ဟု ဆိုထားသည်။

နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်းများသည် အဓိကကျသည့် မောင်းနှင်အားများဖြစ်သည်။ MSMEs လုပ်ငန်းသည် နိုင်ငံတော်၏စီးပွားရေးနှင့် လူမှုစီးပွားတိုးတက်မှုကိုပါ အထောက်အကူပြုနိုင်သော အရေးပါသည့်ကဏ္ဍဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများကလည်း ဆက်စပ်စီးပွားရေးအဖြစ် အထောက်အကူပြုနေသဖြင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီး MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူ့ဗဟိုပြုပြီး အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ထားသည့်အတွက် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့်တွဲဖက်လုပ်ကိုင်နိုင်သည့် Agri Based Tourism၊ Farming Based Tourism နှင့် ပုပ္ပါးတောင် ဘူမိခရီးသွားလုပ်ငန်းကဲ့သို့ Educational Tourism စသည့် ခရီးသွားလုပ်ငန်းအမျိုးအစားအချို့ကို ပိုမိုရှေ့ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော်နိုင်ရန် နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထို့အပြင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် စားသောက်ကုန်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ဒေသခံပြည်သူများ၏ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုပြီး ကုန်ကြမ်းများမှတစ်ဆင့် စွဲမက်ဖွယ်ရာ အဆင့်မြင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် လိုအပ်သည့် နည်းပညာ၊ ဗဟုသုတများနှင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြပွဲပြိုင်ပွဲများဖြင့် လုပ်ငန်းရှင်များ စိတ်ဝင်စားမှုရှိလာရန် စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုပွင့်လင်းရာသီမှစ၍ ခရီးသွားလုပ်ငန်းများ ပုံမှန်လည်ပတ်လာပြီဖြစ်ရာ ခရီးသွားလုပ်ငန်းကို အဓိကရည်မှန်းဈေးကွက်အဖြစ် ကနဦးသတ်မှတ်ဖော်ဆောင်ပြီး ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်၍ ခရီးသွားလုပ်ငန်းဆက်စပ်စီးပွားရေးများမှတစ်ဆင့် နိုင်ငံ့စီးပွားရေး မြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ မဟာဇနကကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိမြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းသစ်ကျောင်းတိုက်နှင့် မဟာမြိုင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ တိပိဋ္ဌကမဟာဂန္ဓာရုံကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိတောင်ဆင်တဲကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ပေါင်းလဲကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိဗောဓိသုခကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မြရတနာကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇ - ၁၂ -၂၀၂၂)

| ကုမ္ဗဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၀ | ၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၃,၁၀၁ | ၁၀,၂၂၈,၃၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၄၃ | ၃၃၁,၁၀၀ |

| | | | | |
|---|---|---|---|---|
| FPB | ၁၉,၅၀၀ | ၁၉,၀၀၀ | ၇၇၂ | ၁၄,၆၉၆,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၃၂၈ | ၈၅၂,၈၀၀ |
| EFR | ၂,၆၀၀ | ၂,၆၅၀ | ၁၅၅ | ၄၀၃,၂၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၃၀ | ၁၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၇**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၉၈.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၀.၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၈၂၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၇.၅၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၄၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၁.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၄၄.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၂၆.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၉၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အင်ယတန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂုဂ၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

| | | |
|---|---|---|
| နေပြည်တော် | - | စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃ |
| ရန်ကုန်ရုံးခွဲ | - | အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂ |
| မန်နေဂျာ | - | ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅ |



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာ-ထိုင်း အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ အပါအဝင် နယ်ပယ်ပေါင်းစုံ၌ နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

သတင်းစဉ်

*** ကျောဖုံးမှ**

တရားမဝင် အလုပ်သမား တိုက်ဖျက်ရေး၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုး တက်ရေးနှင့် အာဆီယံရေးရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်အတူ ပထမအတွင်းဝန် Ms. Suchanaree Taranatham လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံအတွင်းရှိ တိုင်းရင်းသားများ အချင်းချင်း ကူးလူးသွားလာမှု၊ ထိတွေ့ဆက်ဆံမှုအတွက် အရေးပါ

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့ နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ (၅၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

အဆိုပါ နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဖြတ်သန်းခဲ့ရသည့် ခေတ်အဆက်ဆက်တွင် ကောင်းမြတ်သည့်အစဉ်အလာများကို ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်လာခဲ့ကြသည်မှာ (၅၈)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၍ ဌာနဝန်ထမ်း အားလုံးအတွက် အလွန်ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးပေါင်း ၅၅ ရုံးအထိ တိုးချဲ့ဖွင့်လှစ်ပြီး ဌာန၏လုပ်ငန်းတာဝန်(၆)ရပ်ကို အစဉ်အဆက် ကျေပွန်အောင်မြင်စွာ ထမ်းဆောင်ခဲ့ကြသည်ကို အသိအမှတ်ပြုပါကြောင်း၊ ဌာနအနေဖြင့် မော်တော်ယာဉ်များ၊ ယာဉ်မောင်းလိုင်စင်များကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်မှစပြီး နိုင်ငံတော်က မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာမူဝါဒကို ဖြေလျှော့ခွင့်ပြုပေးခဲ့သည့်အတွက် ၂၀၁၁ ခုနှစ်တွင် ယာဉ်စီးရေ ၂ ဒသမ ၃ သန်းကျော်သာ ရှိခဲ့ရာမှ လက်ရှိ ၂၀၂၂ ခုနှစ်တွင် ယာဉ်စီးရေ ၇ ဒသမ ၂ သန်းကျော်ထိ ဆယ်စုနှစ်ကာလအတွင်း သုံးဆကျော် တိုးတက် မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဌာန၏ အဓိကလုပ်ငန်းများတွင် IT နည်းပညာ အသုံးပြုပြီး Computerized System ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် QR Code ဖတ်ရှုနိုင်သည့် Smart Card ယာဉ်မောင်းလိုင်စင်များ၊ ယာဉ်နံပါတ်ပြားများအဆင့်အထိ တိုးမြှင့်နိုင်ခဲ့သည့်အတွက် IT နည်းပညာသုံးဝန်ဆောင်မှုနှင့် e-Government ဖော်ဆောင်မှုတွင် နိုင်ငံတော်၏ မူဝါဒ၊ မျှော်မှန်းချက်နှင့်အညီ ကောင်းစွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

National Road Safety Council ၏ Focal Department အဖြစ် NRSC ၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် Global Plan for UN's Decade of Action for Road Safety(2021–2030)နှင့်အညီ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အောင်မြင်စွာ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ၏ Focal Department အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံ အသစ်များအား ပြောင်းလဲတပ်ဆင်ပေးနိုင်ခြင်းသည်လည်း ဌာန၏ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအဖြစ် အသိအမှတ်ပြုပါကြောင်း၊ ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍသည် ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍ အသီးသီးအတွက် အဓိကကျသကဲ့သို့ နိုင်ငံအတွင်းရှိ တိုင်းရင်းသားများ အချင်းချင်း ကူးလူးသွားလာမှု၊ ထိတွေ့ဆက်ဆံမှုအတွက်လည်း အရေးပါလှပါကြောင်း။

**"ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရှယ်"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံနှင့် ပြည်သူ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာအောင် ရည်မှန်းချက်ထားပြီး ဌာနအကျိုး၊ နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုးကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၅၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် Video Clip ကို ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ် ရရှိသူ အရာရှိကြီးများကို လည်းကောင်း၊ ဒုတိယဝန်ကြီးများက ၂၀၂၂ ခုနှစ်အတွင်း ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသူများနှင့် သင်တန်းအသီးသီး၌ ထူးချွန်ဆု ရရှိခဲ့ကြသည့် အရာထမ်း/အမှုထမ်းများကို လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ထူးချွန်ဆုရ ဝန်ထမ်းများ၊ ဌာန အရာထမ်း/အမှုထမ်းများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ပြည်ထောင်စုဝန်ကြီးက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှစ်ပတ်လည်နေ့ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းခန်းမ၌ ပြုလုပ်သည့် နှစ်ပတ်လည်နေ့ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းများအားလုံးနှင့် မိသားစုသဖွယ် ရင်းနှီးနွေးထွေးစွာ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

အလားတူ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံး အသီးသီး၌လည်း (၅၈) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ဌာနမှ အငြိမ်းစားဝန်ထမ်းဟောင်းများကို ဖိတ်ကြား၍ ဝန်ထမ်းများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာစားပွဲများ ပြုလုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ ကိုက်ညီမှန်ကန်စေရေး ပြည်ထောင်စုနယ်မြေ၌ ကွင်းဆင်းစိစစ်

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ခုနှစ် ) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ မြို့နယ် ၈ မြို့နယ်၌ မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ မှန်ကန်စေရေး အတွက် စိစစ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များသည် သက်ဆိုင်ရာမြို့နယ်အလိုက် ကွင်းဆင်းစိစစ် ဆောင်ရွက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်လွင်ဦးနှင့် ဦးခင်မောင်ဦးတို့သည် ပုဗ္ဗသီရိမြို့နယ်၌ လည်းကောင်း၊ ဦးအောင်စောဝင်းနှင့် ဦးစောဘလှိုင်တို့သည် ဥတ္တရသီရိမြို့နယ်၌လည်းကောင်း၊ ဦးသန်းထွန်း၊ ဦးသန်းဝင်းနှင့် ဦးသန်းအောင်ကျော်တို့သည် ပျဉ်းမနားမြို့နယ်၌ လည်းကောင်း၊ ဦးအောင်မိုးမြင့်နှင့် ဦးသန်းစိုးတို့သည် ဇမ္ဗူသီရိမြို့နယ်၌လည်းကောင်း၊ ဒေါက်တာဘမောင်နှင့် ဒေါ်နုမြဇံတို့သည် ဒဂ္ဂီဏာသီရိမြို့နယ်၌ လည်းကောင်း၊ ဦးမြင့်ဦးနှင့် ဦးမြင့်သိန်းတို့သည် လယ်ဝေးမြို့နယ်၌လည်းကောင်း၊ ဦးကိုကိုလွင်နှင့် ဦးမင်းမင်းဦးတို့သည် ဧရာဝတီရိမြို့နယ်၌လည်းကောင်း၊ ဦးစိုးဦးနှင့် ဦးဘရန်ရှောင်တို့သည် တပ်ကုန်းမြို့နယ်၌ လည်းကောင်း လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်ကြသည်။

ကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုနယ်မြေ ၈ မြို့နယ်အတွင်းရှိ ဥပဒေနှင့်အညီ နေထိုင်လျက်ရှိသော လူဦးရေစာရင်းများကို မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခြင်း ( Cross-check ) ဖြင့် တွေ့ရှိရသည့် (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်၊ (၄) ကြိမ်နှင့် အထက်ထပ်နေသည့်စာရင်းများကို စနစ်တကျ မှန်ကန်မြန်ဆန်စွာ စိစစ်ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများနှင့် လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ကြသည်။

ယင်းစိစစ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နိုင်ငံ့ဝန်ထမ်းများအတွက် ယောဂကျင့်စဉ် အားကစားနည်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများ၏ ရုပ်ပိုင်းစိတ်ပိုင်းကျန်းမာကြံ့ခိုင်စေရေးအတွက် ယောဂကျင့်စဉ်ကိုလည်း စနစ်တကျ သင်ယူလေ့ကျင့်နိုင်ကြစေရန် ယောဂကျင့်စဉ် အားကစားနည်းသင်တန်းကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဝင်းအတွင်းရှိ ဖူဆယ် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အရာထမ်းအမှုထမ်းများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသူ သင်တန်းသား နိုင်ငံ့ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသူ သင်တန်းသားများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့စိတ်ဝင်စားရာ အားကစားနည်းများတွင် ပါဝင်ဆောင်ရွက်နိုင်ကြစေရန် အားကစားနည်း ၁၁ မျိုးကို ဦးစီးဌာနများအလိုက် တာဝန်ယူကျင်းပပေးလျက်ရှိရာ ယောဂကျင့်စဉ် အားကစားနည်းကို စီမံကိန်းဦးစီးဌာနက စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုသင်တန်းမှာ ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသို့ဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်း ၆၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြုများကို တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာအမိန့်စာပေးအပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

ကျန်းမာရေးဝန်ကြီးဌာန၏ သစ်လွင်သူနာပြုများ တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာ အမိန့်စာပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

**ရည်ရွယ်ကျင်းပ**

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ယနေ့ကျင်းပသည့် သစ်လွင်သူနာပြုများကို အခမ်းအနားဖြင့် ရာထူးခန့်အပ်တာဝန်ပေးအပ်ခြင်းသည် သစ်လွင်သူနာပြုများကို အားပေးချီးမြှင့်ရန်၊ တာဝန်ချထားသောနေရာများသို့ ပျော်ရွှင်စွာ သွားရောက်တာဝန်ထမ်းဆောင်နိုင်စေရန်၊ သူနာပြုစုမှုအား ပိုမိုစိတ်အားထက်သန်လာစေရန်၊ သူနာပြုစုစောင့်ရှောက်မှု အရည်အသွေး ပိုမိုကောင်းမွန်လာစေရေး အတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း။

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိသူနာပြုတက္ကသိုလ်နှစ်ခုနှင့် သူနာပြုသင်တန်းကျောင်း ၂၇ ကျောင်း၊ သားဖွားသင်တန်းကျောင်း ၂၃ ကျောင်း၊ နှီးနွယ်သင်တန်းကျောင်းသုံးကျောင်း အပါအဝင် သင်တန်းကျောင်း ၅၃ ကျောင်းတို့မှ ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်များကို မွေးထုတ်လျက်ရှိရာ လက်ရှိတွင် သင်တန်းသား သင်တန်းသူ ၃၆၅၂ ဦး တက်ရောက်နေကြောင်းနှင့် သားဖွားသင်တန်းကျောင်းများတွင် (ပထမ)နှစ် ဘက်စုံသားဖွားဒီပလိုမာသင်တန်းသူ ၅၂၁ ဦး တက်ရောက်နေကြောင်း၊ သူနာပြုတက္ကသိုလ်(မန္တလေး)တွင် တက်ရောက်သင်ကြားနေသည့် သူနာပြုသိပ္ပံဘွဲ့ကျောင်းသား ကျောင်းသူ ၅၀၀ ခန့်နှင့် သူနာပြုတက္ကသိုလ်(ရန်ကုန်)တွင် တက်ရောက်သင်ကြားနေသည့် သူနာပြုသိပ္ပံဘွဲ့ကျောင်းသား ကျောင်းသူ ၅၁၇ ဦးခန့်ရှိပြီး ၂၀၂၃ ခုနှစ်တွင် တက်ရောက်သင်ကြားမည့် (ပထမနှစ်) သူနာပြု-သားဖွား ဒီပလိုမာ သင်တန်းသား သင်တန်းသူ ၄၀၄၅ ဦးရှိကြောင်း။**

**လိုက်နာကျင့်ကြံ**

ယခု အလုပ်ခန့်အပ်တာဝန်ပေးအပ်ခံရမည့် သူနာပြုဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်တာဝန်ကို အုတ်တစ်ချပ်သဲတစ်ပွင့် ထမ်းရွက်ရာ၌ မိမိတို့တာဝန်ကျရာ နေရာဒေသအသီးသီးသို့ သွားရောက်၍ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရမည်ဖြစ်ပြီး အရည်အသွေးရော အရည်အချင်းပါပြည့်ဝရုံမျှမက မိမိတို့ သူနာပြုဆရာ ဆရာမများ လိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း၊ **ပြည်သူလူထုနှင့် ဆက်ဆံရေးကို ပညာပြည့်ဝနှလုံးလှစွာချိုသာယျှောဆက်ဆံကြပါရန်နှင့် အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများဖြင့် ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြုစုပေးနိုင်သော မှန်ကန်သော ခံယူချက်(Mindset)ရှိသည့် သူနာပြုဆရာ ဆရာမကောင်းများ ဖြစ်ကြစေလိုကြောင်း**၊ နိုင်ငံတော်ရှိ ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသော သူနာပြုများအား ပညာရှင်ချီးမြှင့်စရိတ်နှင့် ညစာစားစရိတ်များကို ခံစားခွင့်ပြုလျက်ရှိကြောင်း၊ ဝတ်စုံစရိတ်၊ စားစရိတ်များကိုလည်း ခေတ်နှင့်အညီ ပြင်ဆင်တိုးမြှင့်ပေးခဲ့ကြောင်း၊ ရာထူးတိုးအခွင့်အလမ်းအနေဖြင့် သူနာပြုဆရာမကြီးများအား အရာရှိလစာတိုးမြှင့်ပေးနေခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရပ်ခြားသို့ သူနာပြုစုမှုအတတ်ပညာများ သွားရောက်လေ့လာရန်စေလွှတ်ခြင်း၊ ဆေးရုံများတွင်လည်း နေထိုင်ရန် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေး လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သစ်လွင်သူနာပြုဌာနဆိုင်ရာ အမိန့်စာများကို သစ်လွင်သူနာပြုများ၏ကိုယ်စား ကိုယ်စားလှယ်တစ်ဦးကို ပေးအပ်ခဲ့ပြီး သစ်လွင်သူနာပြုများကိုယ်စား သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သစ်လွင်သားဖွားသူနာပြုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကာ နံနက်စာ အတူတကွ သုံးဆောင်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း၌ ယခုသစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးသည့် သူနာပြုသားဖွား ဒီပလိုမာအောင်မြင်သူ ၁၅၇ ဦးအပါအဝင် သူနာပြု သားဖွား ဒီပလိုမာသုံးနှစ်သင်တန်းမှ ၈၄၃ ဦးနှင့် သူနာပြုသိပ္ပံဘွဲ့ရသူ ၄၂ ဦး စုစုပေါင်း ၈၈၅ ဦးကို သစ်လွင်သူနာပြုများအဖြစ် တာဝန်ပေးအပ်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် သူနာပြုသားဖွား မွေးထုတ်နိုင်မည့် ဦးရေအနေဖြင့် သူနာပြုသားဖွား ဒီပလိုမာသုံးနှစ်သင်တန်းတွင် ၁၈၄၆ ဦး၊ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) သင်တန်းတွင် ၃၇ ဦး၊ ဘက်စုံ သားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းတွင် ၁၇၇ ဦး စုစုပေါင်း ၂၀၆၀ ရှိပြီး ၎င်းတို့အား သင်တန်းပြီးဆုံးပါက ကျန်းမာရေးဝန်ကြီးဌာနတွင် သစ်လွင်သားဖွားသူနာပြုများအဖြစ် တာဝန်ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပ

**ဟိုပန် ဒီဇင်ဘာ ၇**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အားကစားကွင်း၌ ပြုလုပ်သည့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပိတ်ပွဲတွင် အခြေခံပညာအထက်တန်း/အလယ်တန်းဆင့် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် အထက(ဟိုပန်)အသင်းနှင့် အလက(ကောင်းကော်)အသင်းတို့ ယှဉ်ပြိုင်ကစားရာ အလက(ကောင်းကော်)အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် ဘောလုံးအားကစားပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဥက္ကဋ္ဌဦးညီနပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်ထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဟိုပန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အားကစားနည်း ၁၆ မျိုးကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ကမ္ဘာတစ်ဝန်းစည်းလုံးစို့

**ဒီဇင်ဘာလ ၉ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဖြစ်ပါသည်။ ကုလသမဂ္ဂအထွေထွေညီလာခံသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ချမှတ်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် အသက်ဝင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကမ္ဘာ့နိုင်ငံများသည် ကောင်းမွန်သော အုပ်ချုပ်ရေး၊ တာဝန်ယူမှုနှင့် နိုင်ငံရေးကတိကဝတ်များ၏ အရေးပါမှုကို ပြသသည့်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတာဝန်များကို အဖွဲ့ဝင် ၁၈၈ နိုင်ငံက ကတိပြုခဲ့ကြသည်။**

ဇင်ငြိမ်း

ကုလသမဂ္ဂသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ အခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အတွက် ဆောင်ပုဒ်မှာ "UNCAC at 20: Uniting the World Against Corruption" "အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့"ဟု သတ်မှတ်ထားပါသည်။ ထို့ပြင် လာမည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် UN Convention against Corruption (UNCAC) ၏နှစ်(၂၀)မြောက်နှစ်ပတ်လည်နေ့နီးကပ်လာသည်နှင့်အမျှ ယင်းကွန်ဗင်းရှင်းနှင့် ၎င်းကို မြှင့်တင်ထားသောတန်ဖိုးများသည် ယခင်ကထက် ပို၍အရေးကြီးပြီး အဂတိလိုက်စားမှုဆိုင်ရာ ရာဇဝတ်မှုများ ကိုင်တွယ်ဖြေရှင်းရေး ကြိုးပမ်းအားထုတ်မှုများတွင် လူတိုင်းပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း ကုလသမဂ္ဂက တိုက်တွန်းထားပါသည်။

## အတားအဆီးတစ်ခုဖြစ်

ယနေ့ကမ္ဘာကြီးတွင် မျိုးဆက်များစွာအတွင်း လူသားများ၏ သာယာဝပြောမှုနှင့် တည်ငြိမ်မှုကို ခြိမ်းခြောက်နေသည့် အကြီးမားဆုံးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ထိုစိန်ခေါ်မှုများထဲတွင် အဂတိလိုက်စားမှုသည် တစ်ခုအပါအဝင်ဖြစ်ပြီး အဂတိလိုက်စားမှုများကြောင့် လူသားအချင်းချင်း ခေါင်းပုံဖြတ်မှု၊ အနိုင်ကျင့်မှုနှင့် မတရားမှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကြား အရေးပါဆက်နွယ်မှုကို မီးမောင်းထိုးပြရန်အတွက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ရည်ရွယ်ကျင်းပနေခြင်း ဖြစ်ပါသည်။ ထို့ပြင် အဆိုပါရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် လူတိုင်း၏အခွင့်အရေးနှင့် တာဝန်များဖြစ်သည်ဟူသော ခံယူချက်ထားရှိလာစေရန်နှင့် လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းတစ်ခုချင်းစီ၏ ပူးပေါင်းပါဝင်မှု၊ ပူးပေါင်းလုပ်ဆောင်မှုများဖြင့်သာ လျှင် အဂတိလိုက်စားမှုဖြစ်ပွားခြင်းနှင့် ၎င်း၏ဆိုးကျိုးများကို ကျော်လွှားနိုင်မည် ဖြစ်ပါသည်။

နိုင်ငံများ၊ အစိုးရအရာရှိများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တရားဥပဒေစိုးမိုးရေးအရာရှိများ၊ သတင်းမီဒီယာကိယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်း၊ ပညာရေးဆိုင်ရာများ၊ ပြည်သူလူထုနှင့် လူငယ်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ရမည့် တာဝန်များရှိကြသည့် အလျောက် ယင်းသို့ စုပေါင်းကာကွယ်တားဆီးခြင်းဖြင့်သာ လူသားတို့ ရင်ဆိုင်နေရသော အဂတိလိုက်စားမှုဆိုင်ရာ ရာဇဝတ်မှုများကို တားဆီးနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် အဂတိလိုက်စားမှုသည် နိုင်ငံအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက် အဓိကအတားအဆီးတစ်ခုဖြစ်နေပါသည်။ အဂတိလိုက်စားမှု၊ ပဋ္ဌိပက္ခနှင့် မတည်ငြိမ်မှုများသည် အပြန်အလှန် ဆက်နွယ်နေကြသဖြင့် ပညာရေး၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ အားကစား၊ ကျား/မ တန်းတူညီမျှရေး၊ တရားမျှတမှုရရှိရေး အစရှိသည့် လူ့အဖွဲ့အစည်း၏ တိုးတက်မှုနယ်ပယ်အားလုံးကို အဂတိလိုက်စားမှုများက ထိခိုက်စေလျက်ရှိပါသည်။

ထို့ပြင် အဂတိလိုက်စားမှုကြောင့် ပဋ္ဌိပက္ခများ ဖြစ်ပေါ်စေပြီး ပဋ္ဌိပက္ခများကို အရှိန်မြင့်တက်စေလျက်ရှိပါသည်။ အခြားဘေးထွက်ဆိုးကျိုးများ အနေဖြင့် လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုများကြောင့် တရားဥပဒေစိုးမိုးရေးကို အားနည်းစေခြင်း၊ ဆင်းရဲမွဲတေမှု ပိုမိုဆိုးရွားလာစေခြင်း၊ သယံဇာတများကို တရားမဝင် ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်စေခြင်းနှင့် လက်နက်ကိုင်ပဋ္ဌိပက္ခ အတွက် ဘဏ္ဍာငွေ ပံ့ပိုးပေးခြင်းများ ဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဟန့်အတား ဖြစ်စေလျက်ရှိပါသည်။

သို့ဖြစ်ရာ ယင်းအတားအဆီးများ ပပျောက်စေရေး လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှု ရှိစေခြင်းနှင့် အင်စတီကျူးရှင်းများ ခိုင်မာစေခြင်းစသည့် လုပ်ငန်းစဉ်များသည် လွန်စွာအရေးပါသည့် လုပ်ငန်းစဉ်များ ဖြစ်ကြပါသည်။

## စနစ်တကျ အဂတိလိုက်စားမှု

ကမ္ဘာ့ဘဏ်က အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ကို ဖွင့်ဆိုသည်မှာ အပ်နှင်းထားသော လုပ်ပိုင်ခွင့် အာဏာကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ခြင်းဟု ဆိုပါသည်။ ထိုသို့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ခြင်းများသည် အများပြည်သူ ရေးရာ ကဏ္ဍများတွင်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍများတွင်ဖြစ်စေ နယ်ပယ်အသီးသီးတွင် ဖြစ်ပွားနိုင်ပါသည်။

အများပြည်သူဆိုင်ရာကဏ္ဍအတွင်း အဂတိလိုက်စားမှုများသည် ဖြစ်စဉ်တစ်ခုချင်း episodic (a single act of corruption) သို့မဟုတ် စနစ်တကျ (အချိန်နှင့်အမျှ ကျယ်ကျယ်ပြန့်ပြန့် အဂတိလိုက်စားနေခြင်းနှင့် ယင်းအမှုအကျင့်များ) ဖြစ်နိုင်ပါသည်။ ထို့ပြင် ၎င်း၏ အကျိုးဆက်များသည် ပုံမှန်အားဖြင့် ဖြစ်စဉ်တစ်ခုအတွက်သာမက နယ်ပယ်အားလုံးသို့ ကျယ်ပြန့်စွာ ရောက်ရှိစေနိုင်ပါသည်။ လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်လာသော အကျင့်ပျက်ခြစားမှုမှန်သမျှသည် ပြင်းထန်သော ကိုယ်ကျင့်တရားပျက်စီးမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ထိုမှတစ်ဆင့် ကျယ်ပြန့်စွာ အမြစ်တွယ်လာသည့် အကျင့်ပျက်ခြစားမှုကြောင့် ကျင့်ဝတ်သိက္ခာမဲ့သော လူ့အဖွဲ့အစည်း ယဉ်ကျေးမှုဆီသို့ ဦးတည်သွားကာ စနစ်ကျသော အဂတိလိုက်စားမှုအဖြစ် ကြီးထွားလာပါသည်။

အများပြည်သူ့ကဏ္ဍတွင် စနစ်တကျအဂတိလိုက်စားမှုများကြောင့် အစိုးရအဖွဲ့အစည်းများ အပေါ် လူထုယုံကြည်မှုပျက်ပြားစေကာ မူဝါဒ ခိုင်မာမှုကို ထိခိုက်စေသဖြင့် ပြည်သူ့ကဏ္ဍ ရလဒ်များ ကမောက်ကမ ဖြစ်စေပါသည်။ ၎င်းသည် အဂတိလိုက်စားသည့် ကိုယ်ကျိုးရှာအဖွဲ့အစည်း ယဉ်ကျေးမှု ဖြစ်ပေါ်စေသည့်အတွက် အများပြည်သူ ကဏ္ဍအပေါ် နက်နက်ရှိုင်းရှိုင်း ဆိုးကျိုးများ သက်ရောက်စေလျက်ရှိပါသည်။

အများပြည်သူဆိုင်ရာ စနစ်တွင်ဖြစ်စေ၊ ပုဂ္ဂလိကဆိုင်ရာတွင်ဖြစ်စေ ပုံစံအမျိုးမျိုးဖြင့် ပါဝင်ပတ်သက်သူများ၏ ကျယ်ပြန့်သောအကျိုးစီးပွားများကြောင့် စနစ်တကျ အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် လွန်စွာခက်ခဲစေတတ်ပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို စနစ်တကျ ကြိုးပမ်းအားထုတ်ရာတွင် သက်ဆိုင်ရာ ကဏ္ဍများကို အခြေခံ၍ ပြင်ပထိန်းချုပ်မှုများ အပါအဝင် (ဥပဒေနှင့် စည်းမျဉ်းများ အပါအဝင်) လူထု၏ ကျယ်ပြန့်စွာပူးပေါင်းပါဝင်မှု အပေါ်အခြေခံရန် လိုအပ်ပါသည်။

## အဂတိလိုက်စားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး

အဂတိလိုက်စားမှုသည် နိုင်ငံအားလုံးတွင် တွေ့ရသည့် ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ သို့သော်လည်း အထောက်အထားများအရ အဂတိလိုက်စားမှုသည် အခြားသူများထက် ဆင်းရဲသူများအပေါ် ထိခိုက်စေလျက်ရှိသည်ကို တွေ့ရပါသည်။ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အပြင် ပညာရေး၊ ကျန်းမာရေးနှင့် အခြားပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ဘဏ္ဍာငွေများအပေါ် အလွဲသုံးစားမှုများ ဖြစ်စေလျက်ရှိပါသည်။ ကမ္ဘာ့ဘဏ်၏အဆိုအရ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ထရီလီယံခန့် လာဘ်ပေးလာဘ်ယူလျက်ရှိပြီး အကျင့်ပျက်ခြစားမှုများမှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံ ခိုးယူခံနေရကြောင်း ကမ္ဘာ့ဘဏ်က ဆိုပါသည်။

ကမ္ဘာတစ်ဝန်း အဂတိလိုက်စားမှု ပုံစံအမျိုးမျိုး ရှိကြပါသည်။ ယင်းသို့သော ပုံစံအမျိုးမျိုးတွင် အများဆုံးတွေ့ရသည့် ပုံစံများမှာ လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှု၊ ငွေကြေးခဝါချမှု၊ ငွေညှစ်မှု၊ ဖြတ်စားလျှပ်စားမှု၊ မလျော်သြဇာသုံး၍ အကျိုးအမြတ်ရှာမှု၊ ခရိုနီဝါဒ/လက်ဝါးကြီးအုပ်မှု၊ ဆွေမျိုးကောင်းစားရေးဝါဒ၊ သူကောင်းပြုမှုဝါဒ၊ ကိုယ်ရေးကိုယ်တာ အကျိုးအမြတ်အတွက် သတင်းအချက်အလက်များ တရားမဝင် ရယူအသုံးပြုခြင်း၊ အမြန်ကြေးပေးရခြင်း၊ ထိန်းသိမ်းတာဝန်ယူရန် တရားဝင်အပ်နှင်းထားသော ငွေကြေး/ပစ္စည်းများကို အလွဲသုံးစားပြုလုပ်မှု၊ ပြည်သူပိုင်ပစ္စည်း အလွဲသုံးစားပြုလုပ်ခြင်းတို့ဖြစ်ကြောင်း UNDP က ဆိုပါသည်။

ထိုသို့ပုံစံအမျိုးမျိုးဖြင့် အဂတိလိုက်စားမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆုံးရှုံးသွားသည့် ရန်ပုံငွေပမာဏသည် တရားဝင်ဖွံ့ဖြိုးရေး အကူအညီ အားလုံး၏ ဆယ်ဆခန့်ရှိကြောင်း ခန့်မှန်းထားပါသည်။ အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကြောင့် ဖြစ်လာသည့်အကျိုးဆက်များသည် လူ့အဖွဲ့အစည်း၏ တိုးတက်မှုအခွင့်အလမ်းများအတွက် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နေကြပါသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ဆန့်ကျင်ဘက် အသွင်ဆောင်လျက်ရှိပြီး အဂတိလိုက်စားမှုများကြောင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့် ရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတားဖြစ်စေခြင်း၊ ဝင်ငွေမညီမျှမှု ပိုမိုဆိုးရွားစေခြင်း၊ အစိုးရဝန်ဆောင်မှုစရိတ်များ မြင့်တက်စေခြင်း၊ အစိုးရအပေါ် ယုံကြည်မှုကျဆင်းစေခြင်းနှင့် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်စေသဖြင့် နိုင်ငံ၏စီးပွားရေးအပေါ် တိုက်ရိုက်ထိခိုက်စေသည့်အပြင် အခြားဖွံ့ဖြိုးရေးကဏ္ဍများသို့လည်း သွယ်ဝိုက်၍ ထိခိုက်စေလျက်ရှိပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် အဂတိလိုက်စားမှု၏ အကျိုးဆက်များကို ပြင်းထန်စွာ ခံစားနေကြရပါသည်။

စာမျက်နှာ ၇ သို့ ■

> **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နှစ်အလိုက်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့ပြင် အများပြည်သူဆိုင်ရာလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမြှင့်တင်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၃၇ ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထား"**

# (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းဆေး သမားတော်များညီလာခံကို ဒီဇင်ဘာ ၈ ရက်တွင် လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၉ ရက်တွင် လည်းကောင်း နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပမည်ဖြစ်ပြီး ညီလာခံ အကြို ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သဘာဝတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌေးက ဆောင်ရွက်ပြီး သဘာဝတိ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ဆောင်ရွက်ကြသည်။

**ကိုယ်စားလှယ်များရွေးချယ်**

အကြို ညှိနှိုင်းဆွေးနွေးပွဲ ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက် ငါးခုနှင့်ပတ်သက်၍ ညီလာခံ ကိုယ်စားလှယ်များအား အဖွဲ့ငယ်များဖွဲ့စည်းပြီး အဖွဲ့အလိုက် ပါဝင်သင့်သော ပညာရှင်ကြီးများနှင့် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများကိုရွေးချယ်၍ အုပ်စုငါးစုခွဲကာ အဆိုပြုချက်တစ်ခုချင်းစီအတွက် အုပ်စုအလိုက် ဆွေးနွေးကြကာ တင်ပြဆွေးနွေးမည့် ကိုယ်စားလှယ်များကို ရွေးချယ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ညီလာခံကိုယ်စားလှယ်တော် ၂၇၈ ဦးနှင့် တာဝန်ရှိသူများသည်နေပြည်တော်ရှိ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ကျင်းပသည့် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းရင်းဆေးမိသားစုများ အနေဖြင့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးတွင် မြန်မာမှုတစ်ဖက်လှခြံစည်းရိုးသုံးခန်းနှင့် စိန်တောင်စကျင်ကနုတ်ပန်း တစ်ခုအတွက် အလှူတော်ငွေကျပ် သိန်း ၁၀၀ ကို လှူဒါန်းခဲ့သည်။**(အပေါ်ပို့)**

ဆက်လက်၍ ကိုယ်စားလှယ်တော်ကြီးများနှင့် တာဝန်ရှိသူများသည် အမျိုးသားပရဆေးဥယျာဉ်သို့ လေ့လာရေးခရီးစဉ်အဖြစ် ရောက်ရှိရာ ဥယျာဉ်တာဝန်ခံ ရှားပါးတိုင်းရင်းဆေးပင်မျိုးစိတ်များ၏မျိုးရင်းများကို ထိန်းသိမ်းထားရှိပုံနှင့် ပရဆေးပင်များ စိုက်ပျိုးထိန်းသိမ်းထားရှိခြင်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ကိုယ်စားလှယ်တော်ကြီးများက အမျိုးသား ပရဆေးဥယျာဉ်အတွင်း လှည့်လည် လေ့လာကြည့်ရှုခဲ့ကြသည်။

**ကပ်လှူပူဇော်**

ထို့နောက် ကိုယ်စားလှယ်တော်ကြီးများနှင့် တာဝန်ရှိသူများသည် ဥပါတသန္တိစေတီတော်ကြီး အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီးနောက် ရဋ္ဌနန္ဒက ရတနာဆင်ဖြူတော် အပါအဝင် ဆင်ဖြူတော်များနှင့် အဖော်ဆင်များထံ သွားရောက်၍ အစာအာဟာရ ကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုက်ကြီးမြို့၌ ကျောင်းသား ကျောင်းသူ လူငယ်စကားဝိုင်း ကျင်းပ

**တိုက်ကြီး ဒီဇင်ဘာ ၇**

လူငယ်များ အသိပညာဗဟုသုတများ ပိုမိုတိုးတက်ရရှိစေရန်၊ စကားပြောအတတ်ပညာများတတ်မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့စွာ ပြောဆိုတတ်စေရန်နှင့် လူငယ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်စွာ ပူးပေါင်းနိုင်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်ရည်ရွယ်၍ တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို တိုက်ကြီး အထက အနော်ရထာခန်းမ၌ ယနေ့ မွန်းလွဲ ၁နာရီက ကျင်းပခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးအောင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တိုက်ကြီး အထကမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ စာပေ၊ အားကစား၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

■ **စာမျက်နှာ ၆ မှ**

## မြန်မာနိုင်ငံမှ အကောင်အထည်ဖော်နေမှု

မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Against Corruption) သို့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် တရားဝင်အတည်ပြု ဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းပြဋ္ဌာန်းခဲ့သည့် ဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ အနေဖြင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းဆိုင်ရာ အကြံပြုချက်များအရ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် စတုတ္ထအကြိမ်ပြင်ဆင်ခဲ့ပါသည်။ ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနည်းဥပဒေကို ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ပါသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နှစ်အလိုက်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို ရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါသည်။ ထို့ပြင် အများပြည်သူဆိုင်ရာ လုပ်ငန်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မြှင့်တင်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၃၇ ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit) များ ဖွဲ့စည်းထားပါသည်။

ထို့ပြင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်နိုင်ရန်အတွက် information and communication Technology–ICT အခြေပြု အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကို Short Code “1111” အသုံးပြုလျက်ရှိပါသည်။ ယင်းအစီအစဉ်ကို ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ထိုအစီအစဉ်တွင် အများပြည်သူကျယ်ပြန့်စွာ ပူးပေါင်းပါဝင်လာစေရေး အသိပညာပေးမှုများ လုပ်ဆောင်လျက်ရှိပါသည်။

## ကျယ်ပြန့်သော လူထုပူးပေါင်းပါဝင်မှု

အဂတိလိုက်စားမှုသည် အဓိကအားဖြင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် လူတစ်ဦးချင်းစီမှ နိုင်ငံအဆင့်အထိ တဖြည်းဖြည်း လှိုက်စားတတ်သည် ဖြစ်ရာ အဂတိလိုက်စားမှုကို မသိကျိုးကျွန်ပြုခြင်း သို့မဟုတ် ကိုယ်တိုင်က တစ်နည်းနည်းနှင့် ပါဝင်ပတ်သက်ခြင်းသည် အုပ်ချုပ်မှုလုပ်ငန်းစဉ်ကို လည်းကောင်း၊ လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်ကို လည်းကောင်း ပျက်စီးထိခိုက်စေလျက် ရှိပါသည်။

အဂတိလိုက်စားမှုမဖြစ်စေရန် ကြိုတင်တားဆီးခြင်း သို့မဟုတ် ဥပဒေဖြင့် ထိန်းကျောင်းခြင်းဖြင့် အဂတိလိုက်စားမှုများကို လျှော့ချခြင်း၊ ပပျောက်စေခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သို့သော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လူတစ်ဦးတည်း၊ ဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်းဖြင့် လုပ်ဆောင်၍မရဘဲ အားလုံးစုပေါင်း တိုက်ဖျက်ကြမှသာ ထိရောက်သောရလဒ်ကို ရရှိနိုင်ပါသည်။

အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန် အားယူနေကြရသည့် နိုင်ငံများသည် အဂတိလိုက်စားမှုများကြောင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများကို ထိခိုက်စေလျက်ရှိပါသည်။ ထို့ပြင် ယင်းအဂတိလိုက်စားမှုများသည် ဆင်းရဲသူများကို ပိုမိုနစ်နာစေလျက်ရှိကြပြီး နိုင်ငံ၏ ဆင်းရဲမွဲတေမှုကို ပိုမိုနက်ရှိုင်းစေလျက်ရှိပါသည်။ အဂတိလိုက်စားမှုများ၏ နောက်ဆက်တွဲ အကျိုးဆက်ဖြစ်သည့် ဝင်ငွေမညီမျှမှု၊ လူတန်းစားကွာဟမှုနှင့် တရားဥပဒေစိုးမိုးရေး အားနည်းလာမှုတို့ကြောင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ရာ တစ်ဦးတစ်ယောက်တည်း၏ အဂတိလိုက်စားမှုသည် ထိခိုက်မှုများစွာ မရှိနိုင်ဟု ထင်မြင်ယူဆကောင်း ယူဆနိုင်သော်လည်း အဂတိလိုက်စားနေသူ တစ်ဦးချင်းများပြားလာသည်နှင့် စနစ်တကျ အဂတိလိုက်စားမှုအသွင်ဖြစ်လာပြီး တိုက်ရိုက်ဆိုးကျိုးများနှင့် သွယ်ဝိုက်သည့် ဘေးထွက်ဆိုးကျိုးများ ကျယ်ပြန့်လာမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ဥပဒေပိုင်းအရ အရေးယူမှုများလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင် အဂတိလိုက်စားမှုသည် ကျင့်ဝတ်ပိုင်းအရ အကျင့်စာရိတ္တပျက်ယွင်းမှုအဖြစ် ငယ်စဉ်ကပင် အသိပညာပေးသင်ကြားပေးကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် လတ်တလောဖြစ်စဉ်များအလိုက် အရေးယူခြင်း၊ အပြစ်ပေးခြင်းများအပြင် ရေရှည်အတွက်မူ အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေသည့် အရင်းခံအကြောင်းတရားများကို ဖြေရှင်းကြရမည် ဖြစ်ပါသည်။ ထိုသို့ ဖြေရှင်းရာတွင် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ လက်တွဲတိုက်ဖျက်ခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စေနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် “အဂတိလိုက်စားမှု တိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့” ရည်မှန်းချက်နှင့်အညီ လူထုတစ်ရပ်လုံး၏ စုပေါင်းအားဖြင့် အဂတိလိုက်စားမှုကို စုပေါင်းတိုက်ဖျက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား-**


၁။ Early Detection of Fraud and Corruption in Public Procurement through Technology, World Bank, October 6, 2020

၂။ Corruption and Development Anti–Corruption Interventions for Poverty Reduction, Realization of the MDGs and Promoting Sustainable Development, UNDP, December 2008

၃။ https://www.unodc.org/unodc/en/anticorruptionday/index.html

# ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ

**ဘားအံ ဒီဇင်ဘာ ၇**

ဒေသတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းတည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မြန်ဆန်စေရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် ယနေ့မွန်းလွဲ ၂ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ မကြာမီကာလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပတော့မည်ဖြစ်၍ မဲစာရင်းမှန်ကန်ရေး၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ လူဦးရေစာရင်းမှန်ကန်ရေးအတွက် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးမှူးများကိုယ်တိုင် ဦးစီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် ဒေသတွင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပရာတွင် တရားဥပဒေနှင့် မလွတ်ကင်းသည့် ကိစ္စရပ်များပါဝင်ခြင်းမရှိစေရန် စိစစ်ကြပ်မတ်စေလိုပြီး ဥပဒေကိုကျော်လွန် ဆောင်ရွက်ပါကအရေးယူသွားမည်ဖြစ်ကြောင်း၊ ဆန်စပါး၊ ပဲတီစိမ်း၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ အသား၊ ငါး၊ ဥအစရှိသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကဏ္ဍများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး အရင်းမပျောက်မတည်ရန်ပုံငွေများ ရယူ၍ အမှန်တကယ် လုပ်ကိုင်ခြင်းရှိ၊ မရှိ စိစစ်ကြပ်မတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘားအံခရိုင် အုပ်ချုပ်ရေးမှူးဦးအောင်လွင်က ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မိမိတို့သက်ဆိုင်ရာ ကျေးရွာများ အလိုက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်မီးလင်းရေး အစရှိသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုလားချက်၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာ စကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရ အဖွဲ့ဝင်များက ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် ဝတ်စုံများ အမှတ်တရပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း စိုက်ထူရေးဆွဲထားသည့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ကွင်းဆင်းသုံးသပ်စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများတစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်မြင့်သည် ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်တိုက်မှုအန္တရာယ်ရှိသည့် လမ်းနေရာသုံးနေရာသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ Road Audit ပြုလုပ်မှုများအပေါ် သုံးသပ်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့်အတူ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာမှူးကြီးများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ဌာနကြီးမှူးများလိုက်ပါ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာန ယာဉ်သွားလာမှုအင်ဂျင်နီယာဌာနစိတ်မှ အင်ဂျင်နီယာမှူးကြီး ဒေါ်ဖြူဖြူဝင်းနှင့် အဖွဲ့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ရှိသည့် လမ်းပိုင်းများ ဖြစ်သည့် လမ်းပိုင်း(၁) ရာဇသင်္ဘာ လမ်းမကြီး၊ ကုမုဒြာကြာပန်းအိုင်းမှ အင်ကြင်းပန်းအိုင်းထိ လမ်းပိုင်း၊ ဗဟိုဘဏ်ရှေ့နေရာ (သုည ဒသမ ၅၂ ကီလိုမီတာ)၊ လမ်းပိုင်း(၂) ဇေယျဌာနီလမ်းမကြီး၊ ဝန်ကြီးဌာနရုံးများမှ Sinma Living Mall ထိလမ်းပိုင်း (သုည ဒသမ ၆၁ ကီလိုမီတာ) နှင့် လမ်းပိုင်း(၃) ဇေယျဌာနီလမ်းမကြီးနှင့် သီရိရတနာလမ်းဆုံမီးပွိုင့်နေရာတို့၌ လမ်းပိုင်းဆိုင်ရာ မြေပြင်အခြေအနေ လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး အဆိုပါ လမ်းပိုင်းသုံးနေရာ၌ အန္တရာယ်သတိပေး လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၊ မှိတ်တုတ်မီးဝါ အချက်ပြများ ဖြည့်စွက်စိုက်ထူရေးဆွဲသင့်သည်များကို အကြံပြုတင်ပြခဲ့သည်။ Road Audit ဆောင်ရွက်မှုနှင့် အကြံပြုတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ လမ်းပိုင်းသုံးနေရာတို့၌ Road Audit ဆောင်ရွက်မှုနှင့် ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို စီမံဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့သွားမည်ဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီကလည်း မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ မီးဘေးအန္တရာယ် ကင်းဝေးစေရေး ဇာတ်တိုက်လေ့ကျင့်

**ပဲခူး ဒီဇင်ဘာ ၇**

မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို ယနေ့

နံနက် ၁၀ နာရီက ပဲခူးမြို့ စည်ပင်သာယာမြို့မဈေးကြီးတွင် ဈေးသူဈေးသားများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ညွှန်ကြားရေးမှူးဦးအောင်မြင့်နှင့် တာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးဝင်းထွန်းက မီးလောင်မှုဖြစ်ပွားနိုင်သည့် အချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးသတ်ဆေးဘူးသုံးစွဲပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားကာ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြခြင်း၊ ဈေးသူဈေးသားများက လက်တွေ့ဆောင်ရွက်ခြင်း၊ မီးသတ်ယာဉ်လေးစီးဖြင့် မီးငြိမ်းသတ်ခြင်းကို သရုပ်ပြဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအနောက်ပိုင်းမြို့နယ် လူမှုဖူလုံရေးရုံး ရွှေလင်ပန်း စက်မှုဇုန်ရုံးခွဲတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Global Lucky Fish ငါးအအေးခန်းစက်ရုံမှ အာမခံအလုပ်သမား ဦးတေဇာဟိဏ်းသည် လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးသွားသဖြင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ပေးအပ်သည့်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး တာဝန်ခံအရာရှိက အခမ်းအနားသို့ တက်ရောက်လာကြသော အလုပ်ရှင်၊ အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ငါးအအေးခန်းစက်ရုံမှ အာမခံအလုပ်သမားဖြစ်သူသည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၃ ရက် ည ၈ နာရီခွဲတွင် လုပ်ငန်းခွင်မှတာဝန်ပြီးဆုံး၍ နေအိမ်သို့ ဘေးတွဲဆိုင်ကယ်ငှားစီးပြန်လာစဉ် ယာဉ်တိုက်မှုကြောင့် ဦးခေါင်းပြင်းထန်ဒဏ်ရာရရှိပြီး သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုငွေကျပ် ၇၂၆၀၀၀ နှင့် နာရေး စရိတ်အကျိုးခံစားခွင့် ၇၂၆၀၀၀ စုစုပေါင်းငွေကျပ် ၁၉၈၆၀၀၀ ကို အာမခံအလုပ်သမား၏ ဇနီးဖြစ်သူ ဒေါ်အေးအေးဝင်းထံသို့ တိုင်းဒေသကြီး တာဝန်ခံအရာရှိဦးရဲဇော်ဝင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

**JJJ**

စောစောအိပ်လို့ စောစောထလို့
စောစောလမ်းလျှောက်ကြပါစို့

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သရောင်းချောင်းမျိုးသန့်ခြံအား ကြည့်ရှုစစ်ဆေး

ပုသိမ် ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့် အတူ သရောင်းချောင်းမျိုးသန့်ခြံအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးစေ့ဌာနခွဲ) သရောင်းချောင်းမျိုးသန့်ခြံ၌ မျိုးအုပ်စုအလိုက် ပြသထားသည့် စပါးမျိုးများအား ကြည့်ရှုစစ်ဆေးရာ မျိုးသန့်ခြံတာဝန်ခံ ဦးစီးအရာရှိမှ ရှင်းလင်းတင်ပြမှုအပေါ် မျိုးအုပ်စုအလိုက် ခွဲခြားမှတ်တမ်းပြုစု၍ စနစ်တကျ ထိန်းသိမ်းထားရန် မှာကြားခဲ့သည်။

ယင်းနောက် ပေါ်ဆန်းမွေးစပါးမျိုး နှစ်ဧကမျိုးသန့်မျိုးစပါးထုတ်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ထိန်းသိမ်းထားရှိသည့် ပေါ်ဆန်းမွေးစပါးမျိုးအား ယခုစိုက်ပျိုး၍ မျိုးထုတ်ရာတွင် အထွက်နှုန်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်မှုနှင့် အရည်အသွေးပိုင်းအား ယခင်/ယခု နှိုင်းယှဉ်သုံးသပ်နိုင်ရန်နှင့် သုတေသနပြုသွားရန်၊ ပေါ်ဆန်းမွေးမျိုးစပါး စတင်စိုက်ပျိုးသည်မှ ဆန်ကြိတ်ခွဲပြီးသည်ထိ မှတ်တမ်းတင်ပြုစုတင်ပြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ယခင်နှစ် ရိုးပြတ်ကျန်ဖြစ်ပေါ်သည့် ဧကများတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိသည့် ငွေဆောင်မြို့ မဒေ့ါကုန်းကျေးရွာအုပ်စု မဒေ့ါကုန်းကျေးရွာ တောင်သူဦးကျင်သန်း၏ လယ်မြေတွင် ပိုက်ဆံလျှော် (သစ်စိမ်းမြေသြဇာ) မျိုးစေ့ထုတ်စိုက်ခင်းအား ကြည့်ရှုခဲ့ပြီး ရိုးပြတ်ကျန်ဧကများတွင် ဆီထွက်သီးနှံနေကြာအား သီးသန့်စိုက်ပျိုးနေမှုကို ကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■

# ထားဝယ်မြို့နယ်၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

ထားဝယ် ဒီဇင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာအုပ်စု အလယ်ကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အလယ်ကုန်းကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်ပြီး ကျေးရွာသူ ကျေးရွာသား ၈၀ တက်ရောက်သည်။

ရှေးဦးစွာ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများ ဆောင်ရွက်သည်။ အဆိုပါစီမံကိန်းသည် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သန်း ၃၀ ဖြင့် ကျေးရွာသူ ကျေးရွာသားများ လိုအပ်သော အလုပ်အကိုင် အခွင့်အလမ်းများအတွက် အရင်းအနှီးငွေကို ရယူလုပ်ကိုင်စေခြင်းဖြင့် မိသားစုဝင်ငွေ တိုးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ၂၂

# အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ ADMM-Plus EWG on CT အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

မြန်မာ-ရုရှား ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော အာဆီယံအပေါင်းအကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် စီမံကိန်းရေးဆွဲရေးအစည်းအဝေး (Middle Planning Conference) ကို ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိ Video Teleconferencing (VTC) စနစ်ဖြင့် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ဦးဆောင်ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံအပေါင်းအကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် ရုရှားနိုင်ငံမှ ပူးတွဲဥက္ကဋ္ဌ Vice-Admiral Berezovsky D.V တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး အာဆီယံအပေါင်းအကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရန် အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်အပြန်အလှန် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ရုရှား၊ တရုတ်၊ အိန္ဒိယတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

နေပြည်တော် ဒီဇင်ဘာ ၇

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၆ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့နှင့် လင်းခေးမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နှင့် မိုင်းတုံမြို့၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၊ ငဖဲမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လက်ပံတန်းမြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေးသရုပ်ပြ

ပဲခူး ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ စည်ပင်သာယာမြို့မဈေးကြီးတွင် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးရိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းစန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည့်ရှုကြရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးလင်းကျော်နှင့် တပ်ဖွဲ့ဝင် ၃၀ တို့က မီးသတ်ယာဉ်သုံးစီးဖြင့် ဈေးကြီးပြင်ပနှင့် ဈေးကြီးအတွင်း မီးငြိမ်းသတ်ခြင်း၊ အပေါ့စားရေစုပ်စက်များဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်းများ သရုပ်ပြဆောင်ရွက်ကြကြောင်း သိရသည်။

အောင်ဆင့်

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)အဖွဲ့တို့က သွားရောက် ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် ဒီဇင်ဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာဖြင့် နေ့မအားညမနား ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ၎င်းတို့၏ မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့်စိတ်များ ခေတ္တခဏမျှ ပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင်ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ အဖွဲ့သားများက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေသီဆို ကပြလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြဖျော်ဖြေလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့်ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပျော်ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆို ဖျော်ဖြေပေးကြသည့် အဖွဲ့သူ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

**သတင်းစဉ်**

■

နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များ သီဆိုကပြဖျော်ဖြေကြစဉ်။

နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များ တပ်မတော်သားများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။

## ဘက်စုံပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

**ရမည်းသင်း ဒီဇင်ဘာ ၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘက်စုံပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း(မြို့လှ) ဇုန်အတွင်းရှိ ကျောင်းအုပ်ကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းကော်မတီများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက အမှတ်(၆) အထက(မြို့လှ) ကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် ပညာရေးမှူး ဒေါ်ခင်မာမာအေး၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးအောင်သိန်းထွန်း၊ မြို့လှအမှတ်(၆)အထကကျောင်း အကျိုးဆောင် နာယက ဦးမြင့်ဦးတို့က ကျောင်းသား ကျောင်းသူများ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် သြဝါဒစကား ပြောကြားသည်။ ယင်းနောက် ဇုန်အတွင်းရှိ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးတို့က မိတ်ဆက်စကားပြောကြားပြီး မြို့လှအုပ်စုအုပ်ချုပ်ရေးမှူး ဦးယဉ်အောင်၊ အမှတ်(၆)အထက(မြို့လှ)ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေးငွေးဝင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ပြုလုပ်သော အခမ်းအနားသို့ ရမည်းသင်းခရိုင် မြို့နယ်ပညာရေးမှူးနှင့် ဌာနဝန်ထမ်းများ၊ ဇုန်အတွင်းရှိ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ကျောင်းကော်မတီများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## စစ်တွေမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာရောင်းချပေး

**စစ်တွေ ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးထွက်ကုန် (ဟင်းသီးဟင်းရွက်) များနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်တွေတပ်နယ်၏ စီစဉ်မှုဖြင့် နိုင်ငံဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများအား အခြေခံစား သောက်ကုန်များနှင့် ဟင်းသီး ဟင်းရွက်များကို ပြည်နယ်အစိုးရ

အဖွဲ့ရုံးဝင်းအတွင်း၌ ယနေ့နံနက် ပိုင်းက ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

**ရောင်းချပေး**

ထိုသို့ ရောင်းချပေးရာတွင် ကြက်သား၊ ဝက်သား၊ ဘဲသား၊ ကြက်ဥနှင့် ဟင်းသီး ဟင်းရွက်များ၊ အမဲသား၊ အသားစည်သွတ်ဘူးများနှင့် စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။ စစ်တွေမြို့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှဒေသခံ ပြည်သူများအား အခြေခံစားသောက်ကုန်နှင့် ဟင်းသီး ဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် အပတ်စဉ် အစိုးရ အဖွဲ့ရုံးဝင်းအတွင်း၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာ) ပထမဆုရ **"ယဉ်ယဉ်မွန် (ရှေးဟောင်းသုတေသန)" ရေးသားသည့် "ဒွတ္တပေါင်မင်းကြီးနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သရေခေတ္တရာ"** စာအုပ်ကို ၂၀၂၂ခုနှစ် ဒီဇင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/ ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မိသားစုဘဝ ပိုမိုလုပဖို့ လမ်းလျှောက်ကြပါစို့

ထက်ဝေအောင်(စစ်ကိုင်း)

ဘားအံမြို့၌ စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်ခဲ့စဉ်။

နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးရေး ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် လွန်စွာအရေးပါသည်။ ကျန်းမာမှု ဆောင်ရွက်နိုင်မည့်လုပ်ငန်းများ များစွာရှိပါသည်။ ကျန်းမာမှု ပညာသင်ကြားခွင့်၊ မိမိအနာဂတ်ကို ကိုယ်တိုင်ဖန်တီးခွင့်ရရှိမည်ဖြစ်သည်။ ကျန်းမာရေးသည် လူတိုင်း အလေးထားလိုက်နာစောင့်ရှောက်သင့်သည်။ အသိနောက်မကျသင့်သည့် အရေးကိစ္စများတွင် ကျန်းမာရေးလည်း ပါဝင်သည်။ အသိနောက်မကျအောင် သတိပြုဆောင်ထားရမည်က "လူတိုင်းချင့်တွေး ကျန်းမာရေး"ပင် ဖြစ်သည်။

လူပ်ရှားမှုနည်းလွန်းသော လူမှုဘဝတွင် နေသားကျနေကြပြီ ဖြစ်သည်။ အဆိုပါဘဝများမှ ရုန်းထကြရမည်။ ကျန်းမာခြင်းအစ အားကစားလုပ်ကြရမည်။ သက်သောင့်သက်သာနေလိုသော စိတ်ကို စွန့်လွှတ်ရမည်။ ကျန်းမာရေးအညွှန်းကိန်းတစ်ခု မြင့်တက်ဖို့ မိမိတွင် တာဝန်ရှိပေသည်။ "သန်စွမ်းကျန်းမာ ပြည်သာယာ"ဆိုစကားနှင့်အညီ ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံအတွက် မျိုးဆက်သစ်လူငယ် လူရွယ်အားလုံး သန်စွမ်းကျန်းမာနေရမည်ဖြစ်သည်။ နည်းပညာခေတ်တစ်လိုင်းအောက် ကိုယ်ကိုင်း၊ ခါးမမတ်နိုင်အောင် ရောက်ရှိနေကြသည့် လူငယ်များ၏ ကျန်းမာရေးလာဘ် ဆုံးရှုံးမှုကို အချိန်မီသတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

အလေ့အကျင့်ကောင်းသည် လုံလောက်သော သက်လုံကို ရရှိစေသည်။ ငြိမ်သက်နေသူတစ်ယောက်နှင့် လှုပ်ရှားနေသူတစ်ယောက်၏ ကျန်းမာရေးပုံစံက မတူညီနိုင်ပေ။ တိုတောင်းသော အချိန်ကာလ တစ်ခုအတွင်း မသိသာသော်လည်း ရေရှည်နေထိုင်မှုပုံစံမှားယွင်းခြင်းကြောင့် ပြသမည့် ကျန်းမာရေးလက္ခဏာများ၊ ရောဂါဝေဒနာများမှာ တစ်ခုထက် ပိုလာနိုင်သည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သကဲ့သို့ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို ကောင်းစွာ တည်ဆောက်နိုင်သည်။

လူတစ်ဦးချင်းစီ၏စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေးမှာ လွန်စွာ အရေးကြီးလှသည်။ မိသားစုတစ်စုတွင် မကျန်းမာသူတစ်ဦးကြောင့် အချိန်နှင့်ငွေ ဆုံးရှုံးရသည်။ အသက်ကြီးရင့်လာသည့်နောက်ပိုင်း ကိုယ်လက်လှုပ်ရှား ပိုလုပ်သင့်ကြောင်း သိသာလာသည်။ နေ့စဉ်နှင့် အမျှ စားဝတ်နေရေး ရုန်းကန်နေကြသဖြင့် ကိုယ်လက်လှုပ်ရှား အားကစားတစ်ရပ်ရပ်ပြုလုပ်ရန် အချိန်မပေးနိုင်ကြပေ။ ကျေးလက်ဒေသထက် မြို့ပြလူနေထိုင်မှုပုံစံက လှုပ်ရှားမှု ပိုနည်းသည်ကို တွေ့ရသည်။ ဥဿာလုပ်သား ကုလားထိုင်တွင် အထိုင်များသူများသည် လှုပ်ရှားမှု အလွန်နည်းကြသည်။ သွားလာလှုပ်ရှားမှုပြုလုပ်ရာတွင်လည်း ဆိုင်ကယ်၊ ကား စက်တပ်ယာဉ်များနှင့်သာ သွားလာကြသည်။ နှစ်သက်သည့် အစားအစာမှာ ရောဂါကြိုက်သည့် အချိန်နှင့် အဆီအဆိမ့် အရသာကိုသာ မှီဝဲသုံးဆောင်ကြသည်။

**ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး**

မလှုပ်မရှားနေထိုင်ခြင်းကြောင့် ဗိုက်တွင် အဆီစုလာသည်။ အဆီတိုး၍ ဝဖြိုးလာသည်။ ဝမှလှသည်ဟု အထင်မရှိစေချင်ပေ။ ငြိမ်သက်နေသည့် ရောဂါလက္ခဏာတစ်ရပ်အဖြစ် ရှုမြင်လျက် အဝလွန် ရောဂါဝင်မလာမီ ကြိုတင်ကာကွယ်ရမည်ဖြစ်သည်။ "ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး"ဟူ၍ အဆိုရှိသည်။ နေ့စဉ်ဘဝ ရောဂါဘယ ကင်းဝေးအောင် ကိုယ်လက်လှုပ်ရှားအားကစားတစ်ရပ်ရပ်ကို ဆေးပမာ ဆောင်ထားရမည်ဖြစ်သည်။ မပျင်းနှင့်။ ပုံမှန်ပြုလုပ်ပေးနိုင်သည့် အားကစားနည်းများစွာရှိသည်။

လူတိုင်းအတွက် အားကစားနည်းများစွာရှိသည့်အနက် နေရာတိုင်းတွင် လွယ်လင့်တကူပြုလုပ်နိုင်သည့်ကိုယ်လက်လှုပ်ရှားအားကစားနည်းများမှာ "လမ်းလျှောက်ခြင်း"နှင့် "ပြေးခြင်း"ပင် ဖြစ်ပါသည်။ အဆိုပါ ကိုယ်လက်လှုပ်ရှားအားကစားနည်းများသည် ကျန်းမာရေးလာဘ်ကြီးတစ်ပါး ပိုင်ဆိုင်ရရှိရန် အထောက်အကူပြုသည်။ လူငယ်များအတွက် ပြေးခြင်းသည် သင့်လျော်သည်။ သက်လုံတည်ဆောက်ရာတွင် ပုံမှန်ပြေးခြင်းကို ရွေးချယ်ရမည်ဖြစ်သည်။ လူလတ်ပိုင်းအရွယ်နှင့် လူကြီးများအတွက် လမ်းလျှောက်ခြင်းက အကောင်းဆုံးဖြစ်ပါသည်။ လမ်းလျှောက်ခြင်းသည် ကိုယ်အလေးချိန် ထိန်းသိမ်းနည်း၏ လျှို့ဝှက်ချက်ဖြစ်သည်။ စိတ်ချမ်းသာမှုဖြစ်စေသည့် ကုထုံးတစ်မျိုးလည်းဖြစ်ပါသည်။

**နေ့စဉ်ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ဖြစ်အောင် လေ့ကျင့်သင့်**

လမ်းလျှောက်ခြင်းသည် အပိုအလုပ်မဟုတ်ဘဲ လိုအပ်သော အလုပ်ဖြစ်သည်။ ကျန်းမာရေးအတွက် အကျိုးအာနိသင်ရှိသော လေ့ကျင့်ခန်းသာဖြစ်သည်။ "အစွမ်းသိဖို့ လမ်းလျှောက်စို့" ဆိုသည့် စကားနှင့်အညီ နံနက်စောစောလမ်းလျှောက်ကြည့်ပါရန် တိုက်တွန်းလိုပေသည်။ နေ့စဉ် ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ဖြစ်အောင် လေ့ကျင့်သင့်ပေသည်။ ချွေးပုပ်မှန်သမျှ စွန့်ထုတ်ပစ်ရမည်။ ဖြည်းဖြည်းလျှောက်လှမ်းခြင်းထက် ခပ်သွက်သွက်လမ်းလျှောက်ကြရမည်ဖြစ်သည်။ ရုံးဝန်ထမ်းများအဖို့ ညနေအေးအေးလမ်းလျှောက်ပေးရန် လိုအပ်သည်။ ကိုယ်လက်ညောင်းညာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းများကို ပြေပျောက်စေသည်။ အဆုတ်တွင်း လေသန့်စင်စေသော လုပ်ငန်းဖြစ်သဖြင့် ပုံမှန်လမ်းလျှောက်ခြင်းက သွေးတိုး၊ လေဖြတ်ခြင်းကို တားဆီးနိုင်သည်။ အရိုးပွခြင်း၊ အဆစ်အမျက်ရောင်ရမ်းခြင်းကို သက်သာစေသည်။ သွေးတွင်းရှိ ကယ်လိုရီ၊ ကိုလက်စထရောမှား လောင်ကျွမ်းခြင်းကို အားပေးပြီး ကိုယ်ခန္ဓာကြွက်သားများကို အကောင်းဆုံးလေ့ကျင့်ပေးသော ကိုယ်လက်လှုပ်ရှား အားကစားနည်းတစ်ခုဖြစ်သည်။ နှလုံးကို အားကောင်းစေပြီး ပန်းနာရင်ကျပ်သမားများအတွက် အထူးသင့်လျော်သည်။ တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေပြီး စိတ်ကြည်လန်းဆန်းမှုကို ပေးစွမ်းနိုင်သည်။

လူ့ဘဝသက်တမ်းပြည့်မီစွာ နေထိုင်နိုင်ရေး အစားအစာပုံမှန်စားခြင်း၊ ရေလုံလောက်စွာသောက်ခြင်းနှင့် နှစ်ခြိုက်စွာ အိပ်စက်ခြင်းများရှိရပေသည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတိုးတက်ရေး ကောင်းမွန်သော အလေ့အကျင့်ကောင်းများကို မွေးမြူရမည်ဖြစ်သည်။ အစားအစာစားသုံးရာတွင် အဆီ၊ အဆိမ့်၊ အချို။ အင်နာဇီကို လွန်ကဲစွာစားသုံးခြင်း၊ အထိုင်များ လှုပ်ရှားမှုနည်းပါးခြင်းကြောင့် ရောဂါများ စုပြုံရောက်ရှိလာနိုင်သည်။ သွေးတိုး၊ ဆီးချိုကဲ့သို့ ရောဂါများဝင်လာလျှင် ငွေကုန်၊ လူပန်းစိတ်ဆင်းရဲကြရမည်သာဖြစ်သည်။ လမ်းလျှောက်ခြင်းဖြင့် အဆုတ်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည်။ သွေးလှည့်ပတ်မှု ကောင်းမွန်စေသဖြင့် လေဖြတ်၊ လေငန်းဖြစ်ခြင်းမှ ကင်းဝေးစေသည်။ အရိုး၊ အကြောများ၏ ကွေးခြင်း၊ ဆန့်ခြင်းဆိုင်ရာလှုပ်ရှားမှုများကို ပိုမိုအားကောင်းစေသည်။ ခြေထောက်နှင့် မျက်စိ၊ ထိပ်ဆုံးနှင့် အောက်ဆုံးဖြစ်သော်လည်း ခြေထောက်ဖြင့် လမ်းလျှောက်ပေးလျှင် မျက်စိအမြင်အာရုံ အားကောင်းနိုင်ပေသည်။ အခြားသော အာရုံခံစားနိုင်သည့် အစိတ်အပိုင်းများကိုပါ နိုးကြားစေသည့် ခြေကျင်လမ်းလျှောက်ခြင်းကို ပုံမှန်လုပ်ဆောင်ကြပါလျှင် "ဆရာဝန်၊ ဆေးဝါးဝေးလို့သွား လမ်းလျှောက်ခြင်းကို တို့အားထား"ဟု ဆိုရမည့်ကိန်းပင်။

**လမ်းလျှောက်ခြင်းသည် ဓာတ်ကြီးလေးပါးညီညွတ်မျှတစေ**

ချွေးထွက်မှန်ရမည်။ သွေးလည်ပတ်စီးဆင်းမှု ကောင်းမွန်ရမည်။ ကိုယ်တွင်းအည စ်အကြေး ပုံမှန်စွန့်ထုတ်မှုရှိရမည်။ မြန်မာ့ဆေးကျမ်းများ အလိုအရ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါး ညီညွတ်မျှတအောင်နေထိုင်ရမည်ဟု ဆိုထားသည်။ စွန့်ထုတ်သင့်သည့် အညစ်အကြေးများကို ကိုယ်ခန္ဓာပြင်ပသို့ မစွန့်ထုတ်နိုင်လျှင် မကောင်းပေ။ ခန္ဓာဗေဒဖြစ်စဉ်များ မတည်မငြိမ်ဖြစ်ခြင်းကြောင့် ရောဂါမျိုးစုံ ဝင်ရောက်လာနိုင်သည်။ အနေသာလျှင် အသေနာမည်ဖြစ်သည်။ တိတ်တဆိတ်လူသတ်သမားဟု တင်စားခေါ်ဝေါ်သော သွေးတိုးရောဂါ ဝေဒနာဆိုးမှ လွန်မြောက်ရေး လမ်းလျှောက်ပေးဖို့ လိုပါသည်။ လမ်းလျှောက်ခြင်းသည် ဓာတ်ကြီးလေးပါး ညီညွတ်မျှတစေပြီး သွေးအား၊ လေအားကို အထူးကောင်းမွန်စေသည်။

မိသားစုကိုချစ်သူတိုင်း ကျန်းမာရေးကို ဂရုစိုက်စေချင်ပါသည်။ ကျန်းမာမှသာ ပျော်ရွှင်စရာမိသားစုကမ္ဘာကို တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ အအိပ်၊ အစား သတိထားရမည်ဖြစ်သည်။ ဓိမ်ခံခြင်း အစား ကိုယ်လက်လှုပ်ရှားအားကစား လုပ်သွားဖို့လိုပေသည်။ မူးယစ်စေသည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာမှီဝဲခြင်းကို လျှော့ချသင့်သည်။ ရှုနှာရှိက်ကုန်းမဖြစ်ဖို့ ဂိမ်းမဆော့ဖို့လိုပါသည်။ အထိုင်မများ လှုပ်ရှားသွားလာနေရမည်။ ဟိုနား ဒီနား လမ်းလျှောက်သွားစေချင်သည်။ စိတ်ပျို့ ကိုယ်နှ ကျန်းမာခြင်းသုခ ပေးစွမ်းနိုင်သည့် အလေ့အကျင့် ဟူသမျှ မိမိဘဝအတွင်း ဆွဲခေါ်နိုင်ရပေမည်။ စိတ်ခံစားချက်ကောင်းမွန်မှုနှင့် ကိုယ်ကျန်းမာလန်းဆန်းမှုသည် ဆက်သွယ်ပေါင်းစပ်နေသဖြင့် "ပြင်နိုင်မှ ယှဉ်နိုင်မည်" ဖြစ်သည်။ အစားအသောက်ပုံစံ၊ နေထိုင်မှုပုံစံ မှားယွင်းသည့် အခြေအနေများကို စနစ်တကျပြုပြင်ယူနိုင်သဖြင့် ယနေ့မှစလျှင် အကောင်းဆုံးဖြစ်ပါကြောင်း ဆန္ဒမွန်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ **လူငယ်များအတွက် ပြေးခြင်းသည် သင့်လျော်သည်။ သက်လုံတည်ဆောက်ရာတွင် ပုံမှန်ပြေးခြင်းကို ရွေးချယ်ရမည်ဖြစ်သည်။ လူလတ်ပိုင်းအရွယ်နှင့် လူကြီးများအတွက် လမ်းလျှောက်ခြင်းက အကောင်းဆုံးဖြစ်ပါသည်။ လမ်းလျှောက်ခြင်းသည် ကိုယ်အလေးချိန် ထိန်းသိမ်းနည်း၏ လျှို့ဝှက်ချက်ဖြစ်သည်။ စိတ်ချမ်းသာမှုဖြစ်စေသည့် ကုထုံးတစ်မျိုးလည်းဖြစ်ပါသည်။**

❖ **လမ်းလျှောက်ခြင်းသည် အပိုအလုပ်မဟုတ်ဘဲ လိုအပ်သောအလုပ်ဖြစ်သည်။ ကျန်းမာရေးအတွက် အကျိုးအာနိသင်ရှိသော လေ့ကျင့်ခန်းသာဖြစ်သည်။ "အစွမ်းသိဖို့ လမ်းလျှောက်စို့" ဆိုသည့် စကားနှင့် အညီ နံနက်စောစောလမ်းလျှောက်ကြည့်ပါရန် တိုက်တွန်းလိုပေသည်။ နေ့စဉ် ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ဖြစ်အောင် လေ့ကျင့်သင့်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၆၂၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၄၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၀၉,၂၇၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၃၆၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၉၀၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၆-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၈၉,၂၁၂) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၆၈,၉၁၆) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု

### (၆-၁၂-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၈၉,၂၁၂ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၆၈,၉၁၆ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားပြီး ဩဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၂) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရေတာရှည်တပ်နယ်မှ အရာရှိ၊စစ်သည်များနှင့် ဌာနဆိုင်ရာများ စုပေါင်း၍ ဆွမ်းဆန်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း

**ရေတာရှည် ဒီဇင်ဘာ ၇**

ရေတာရှည်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ လစဉ် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ မိဘမဲ့ကလေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများအား ဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် ဆွာမြို့ ဆွာမြောက်ပိုင်းရပ်ကွက် ရှမ်းရွာရှိ မိဘမဲ့ကလေးစောင့်ရှောက်ရေး ဘုန်းတော်ကြီးကျောင်း၌ ဆန်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားအား နမောတဿ (၃)ကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒ ထံမှ ငါးပါးသီလ ခံယူဆောက်တည်သည်။ ထို့နောက် ရေတာရှည်တပ်နယ်မှူး ဗိုလ်မှူးကြီး သန်းလှိုင်ဝင်း၊ အမှတ်(၇၅) သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှူဌာနချုပ်မှ ဗိုလ်မှူးကြီးစိုးဝင်းနိုင်နှင့် ရေတာရှည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်းတို့က ဆန်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ပြီး YGW မိဘမဲ့ကလေးစောင့်ရှောက်ရေး ဘုန်းတော်ကြီး ကျောင်းမှ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျောင်းရှိရဟန်းသံဃာများနှင့် မိဘမဲ့ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရာ ရေတာရှည်တပ်နယ်မှူး ဗိုလ်မှူးကြီးသန်းလှိုင်ဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်းတို့က ရင်းနှီးနွေးထွေးစွာကြည့်ရှုအားပေးခဲ့သည်။

အခမ်းအနားသို့ ရေတာရှည်တပ်နယ်မှူးနှင့် အရာရှိစစ်သည်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ခဲ့ကြပြီး YGW မိဘမဲ့ကလေးစောင့်ရှောက်ရေး ဘုန်းတော်ကြီးကျောင်းအတွက် ဆွမ်းဆန် ၂၂ အိတ် ၊ ဆီ- ၆၈ ပိဿာ ၊ ကြက်ဥအလုံး ၉၁၀၊ သွားတိုက်ဆေး/တံ ၁၅၆ စုံ၊ ဖူဆယ်ဘောလုံး တစ်လုံး၊ ရိုးရိုးဘောလုံး ငါးလုံး၊ ကလေးပုခက် နှစ်ခုအား လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ရေတာရှည်(ပြန်/ဆက်)**

# လင်းခေးတွင်(၂၁၁၇ ခုနှစ်)ရှမ်းနှစ်သစ်ကူးပွဲတော်၊ ကောက်ဦးအလှူပွဲနှင့် (၂၀၂၁-၂၀၂၂)ဓမ္မစကူးလ်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**လင်းခေး ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးမြို့နယ်၏ ၂၁၁၇ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော် ကောက်ဦးအလှူပွဲနှင့် ၂၀၂၁-၂၀၂၂ ဓမ္မစကူးလ်သင်တန်းအောင်လက်မှတ်နှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီက လင်းခေးမြို့ မဟာဝိဟာရ ပရိယတ္တိစာသင်တိုက် ကျောင်းကြီးကျောင်း ပရိဝုဏ်အတွင်း ကျင်းပခဲ့ရာ မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရ (ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်)၊ လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းနှင့် မြို့နယ်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းနော်မှိုင်းတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရက အဖွင့်သြဝါဒမြွက်ကြားပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်နှုတ်ခွန်းဆက် စကားကိုလည်းကောင်း၊ ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက ပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသားရိုးရာအက ပဒေသာများ ကပြဖျော်ဖြေတင်ဆက်ခြင်း၊ ကောက်ဦးအလှူများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ပွဲတော်ကျင်းပရေးကော်မတီနှင့် တာဝန်ရှိသူများပူးပေါင်းကာ စက်ဘီးစီးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းလုံးပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပြီးဖြစ်ကြောင်း ပွဲကျင်းပရေးကော်မတီ တာဝန်ရှိသူထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်တင်သွင်းမှု ပထမ ၁၁ လအတွင်း ၅ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်

ဟန္တိုင်း ဒီဇင်ဘာ ၇

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၁၁ လ အတွင်း အဝတ်အထည်တင်သွင်းမှုနှင့် စပ်လျဉ်း၍ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံကျော် သုံးစွဲခဲ့ပြီး အဝတ်အထည်တင်ပို့မှုသည်လည်း ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း နိုင်ငံ၏ အထွေထွေစာရင်းအင်းရုံးက ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဧနဝါရီလမှ နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ အဝတ်အထည်တန်ချိန် ၁ ဒသမ ၄ သန်းကို တင်သွင်းနိုင်ခဲ့ပြီး ယမန်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၂၉ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ကမူ ဗီယက်နမ်နိုင်ငံသည် အဝတ်အထည်တင်သွင်းမှုနှင့်စပ်လျဉ်း၍ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄ ဘီလီယံနီးပါးသုံးစွဲခဲ့ပြီး အဝတ်အထည်တင်သွင်းမှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၇ ဘီလီယံကျော် ဝင်ငွေရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ အထွေထွေစာရင်းအင်းရုံးက ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်းက ဗီယက်နမ်နိုင်ငံ၏အကြီးဆုံးအဝတ်အထည်တင်သွင်းသည့်နိုင်ငံအဖြစ်ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွား ခုနစ်ဦး သေဆုံးပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရ

ကဘူးလ် ဒီဇင်ဘာ ၇

အာဖဂန်နစ္စတန် မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် ဗုံးပေါက်ကွဲမှု နှစ်ကြိမ် ဖြစ်ပွားခဲ့ရာ အနည်းဆုံး ခုနစ်ဦး သေဆုံးပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပထမဆုံးဖြစ်ပွားသည့် ပေါက်ကွဲမှုသည် Mazar-i-Sharif မြို့လယ်၌ ယမန်နေ့နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါနေရာကို တာလီဘန်များ ထိန်းချုပ်ထားသည်။

အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ဒေသဆိုင်ရာ အာဏာပိုင်များကို တင်ဆောင်လာသည့် ဘတ်စ်ကား တစ်စင်းထိမှန်သွားခဲ့ပြီး ဘတ်စ်ကားပေါ်တွင် သယ်ဆောင်လာသည့် ခရီးသည်ခုနှစ်ဦး သေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာလီဘန်အဖွဲ့၏ လက်အောက်ခံရဲအရာရှိများက ဆိုသည်။

ဒုတိယမြောက် ဗုံးပေါက်ကွဲမှုသည် ဂျလာလာဘတ်မြို့ အရှေ့ပိုင်းရှိ စျေးနေရာ၌ ယမန်နေ့မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့သည်။ အဆိုပါပေါက်ကွဲမှုကြောင့် ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုများအား မည်သည့်အဖွဲ့အစည်းက ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း လက်ရှိအချိန်အထိ မသိရသေးပေ။

နိုင်ငံအတွင်း တာလီဘန်များအား ဆန့်ကျင်သည့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံ၏လုံခြုံရေး မတည်မငြိမ်ဖြစ်လျက်ရှိကြောင်း တာဝန်ရှိသူများက ဆိုသည်။

အလားတူ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း မြို့တော် ကဘူးလ်ရှိ ပါကစ္စတန်သံရုံးခြံ ဗုံးပေါက်ကွဲခဲ့ရာ လုံခြုံရေးအစောင့်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်နှိုအိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၏ ထောက်ပံ့မှုဖြင့် မျက်စိရေတိမ်အခမဲ့ကုသရေးစီမံချက် ကမ္ဘောဒီးယားနိုင်ငံ၌ ဆောင်ရွက်

ပရေဗန် ဒီဇင်ဘာ ၇

တရုတ်နိုင်ငံ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်သည့် မျက်စိရေတိမ်ကြောင့် အမြင်အာရုံဆုံးရှုံးခြင်းမှ ကုသရေးစီမံချက်အား ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်ပိုင်း ပရေဗန်ပြည်နယ်၌ ဒီဇင်ဘာ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ GX Foundation မှ ထောက်ပံ့မှုဖြင့် ဆောင်ရွက်သည့် အဆိုပါစီမံချက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ကျေးဇူးအထူးတင်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Yim Chhay Ly က ပြောကြားသည်။ ယခုစီမံချက်သည် ကမ္ဘောဒီးယားနိုင်ငံအတွင်း မျက်စိရေတိမ်ဝေဒနာရှင်များအား အမြင်အာရုံဆုံးရှုံးခြင်းမှ ကာကွယ်ပေးရန်အတွက် ရည်မှန်းချက်ထားရှိ ဆောင်ရွက်သောကြောင့် မျက်စိရေတိမ်ဝေဒနာရှင် ကမ္ဘောဒီးယားနိုင်ငံသားများအတွက် အကျိုးကျေးဇူးများစွာရှိကြောင်း ၎င်းက ပြောကြားသည်။

အထက်ပါစီမံချက်အရ ပရေဗန်ပြည်နယ်ဆေးရုံတွင် မျက်စိရေတိမ်ရောဂါကုသရေးစင်တာနှစ်ခုကို ဖွင့်လှစ်ခဲ့ပြီး တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ဆရာဝန်များ ပူးပေါင်း၍ မျက်စိရေတိမ်ရောဂါ အခမဲ့ခွဲစိတ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုဆောင်ရွက်သည့် မျက်စိရေတိမ်ဝေဒနာရှင်များအား ကုသပေးသည့်စီမံချက်သည် တရုတ်-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြားပြီးပြည့်စုံသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် မျှဝေသည့်အနာဂတ်တို့ကို ထင်ဟပ်စေခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ၂၀၁၉ ခုနှစ်အတွင်းကလည်း တရုတ်နိုင်ငံမှ အကူအညီဖြင့် ကမ္ဘောဒီးယားနိုင်ငံ ကန်ပေါင်ချန်ပြည်နယ်ရှိ မျက်စိရေတိမ်ဝေဒနာရှင် ၆၀၀၀ ကျော်ကို ပထမအကြိမ်အဖြစ် ကုသပေးခဲ့ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီး မန်ဗန်ဟန်းက ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံအကူအညီဖြင့် ဆောက်လုပ်သည့် စိုက်ပျိုးရေးသရုပ်ပြစင်တာ နိုင်ဂျီးရီးယားသို့ လွှဲပြောင်းပေးအပ်

အဘူဂျာ ဒီဇင်ဘာ ၇

နိုင်ဂျီးရီးယားနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် တရုတ်နိုင်ငံမှ အကူအညီဖြင့် ဆောက်လုပ်သည့် စိုက်ပျိုးရေးသရုပ်ပြစင်တာ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးရေးသရုပ်ပြစင်တာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် နိုင်ဂျီးရီးယားနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများကို ဆန်းသစ်မှုရှိစေပြီး စိုက်ပျိုးရေးနည်းပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ခေတ်မီ စိုက်ပျိုးနည်းစနစ်များကို အများအပြား သင်ကြားနိုင်မည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်လာမည်ဖြစ်ကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ၌ နည်းပညာများအဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကိုလည်း အကျိုးကျေးဇူးများစွာ ရှိလာမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကူဂျင်ချန်းက အထက်ပါအခမ်းအနားတွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် နိုင်ဂျီးရီးယားနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ ခေတ်မီတိုးတက်လာစေရေးအတွက် အထောက်အပံ့များ ပေးလျက်ရှိကြောင်း၊ ထိုသို့ပေးအပ်ရာတွင် နိုင်ဂျီးရီးယားလယ်သမားများ လိုအပ်နေသည့် စက်ကိရိယာများ၊ နည်းပညာများကို ယခု ဖွင့်လှစ်ခဲ့သည့် စိုက်ပျိုးရေစင်တာမှ ပံ့ပိုးပေးရေး ဆောင်ရွက်သွားမည်ဖြစ်ကာ ထိုကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုသည် တရုတ်-နိုင်ဂျီးရီးယားဆက်ဆံရေးကို ပိုမိုနက်ရှိုင်းလာစေကြောင်း ၎င်းက ပြောကြားသည်။

ယခုဖွင့်လှစ်သည့် စင်တာသည် တရုတ်နှင့် နိုင်ဂျီးရီးယားနှစ်နိုင်ငံအကြား ရရှိခဲ့သည့် အောင်မြင်မှုများကို သက်သေပြလိုက်ခြင်းပင်ဖြစ်ကာ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာမှုကို ပြသခြင်းပင်ဖြစ်ကြောင်း နိုင်ဂျီးရီးယား စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး မူစတာ ဖာဘာဘာရှီဟူရီက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၄ ဦး ထပ်မံသေဆုံး

မနီလာ ဒီဇင်ဘာ ၇

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၇၉၄ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၀၃၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၄၄၀၀၀ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၇၄၂၆ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၄၃ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဧနဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ ဆီထွက်သီးနှံများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီမြို့ အာရှလမ်းမပေါ်ရှိ အေးသုခကျေးရွာ PTT ဆီဆိုင်အနီး၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ အကောက်ခွန်မဲ့ မြေပဲဆန် အိတ် ၂၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)နှင့် အဆိုပါဆီထွက်သီးနှံများ တင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့ မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ Toyota Wish လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၄၅ ဒသမ ၂၄၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၉၂၅၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက်ပိုမိုတင်ဆောင်လာသော အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၇၀၀၀၀)နှင့် အဆိုပါအဝတ်အထည်များ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၄၇၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၆၆၂၅၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်ကျွန်းသစ် ၈၄ ဒသမ ၄၁၂၀ တန် သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၇

နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်ကျွန်းသစ် စုစုပေါင်း ၈၄ ဒသမ ၄၁၂၀ တန် သိမ်းဆည်းရမိခဲ့ကြောင်း

သစ်တောဦးစီးဌာနမှ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring And Reporting System- CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၄၁ ဒသမ ၅၆၆ တန်၊ သစ်မာ ၈ ဒသမ ၆၆၄၈ တန်၊ အခြား ၃၄ ဒသမ ၁၇၈၆ တန် စုစုပေါင်း ၈၄ ဒသမ ၄၁၂၀ တန်၊ ယာဉ်/ယန္တရား ၁၁ စီး၊ တရားခံ ၂၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ❍ ၀ွန်ကာလိုရာမို့စ်မှ

တိုက်စစ်ပိုင်းအတွက် ၀ွန်ကာလိုရာမို့စ်ကို အစားထိုးထည့်သွင်းခဲ့တာ ဖြစ်ပါတယ်။ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၇ မိနစ်၊ ၅၁ မိနစ်နဲ့ ၆၇ မိနစ်တို့မှာ ၀ွန်ကာလိုရာမို့စ်က သုံးဂိုး၊ ၃၃ မိနစ်မှာ ပီပီက တစ်ဂိုး၊ ၅၅ မိနစ်မှာ ဂွါရီအီရိုက တစ်ဂိုး၊ မိနစ် ၉၀ မှာ ရာဖေးလ်လီယိုက တစ်ဂိုး သွင်းယူပေးခဲ့ကာ ဆွစ်ဇာလန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၅၈ မိနစ်မှာ အေကန်ဂျီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

၀ွန်ကာလိုရာမို့စ်ဟာ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးသုံးဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် ၂၀၀၂ ခုနှစ်အတွင်းက ဂျာမနီအသင်းနဲ့အတူ ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ ကလိုဆေး နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ဒါ့ပြင် တိုက်စစ်မှူး ၀ွန်ကာလိုရာမို့စ်ဟာ လက်ရှိအချိန်မှာ အသက် ၂၁ နှစ်အရွယ် သာရှိသေးတဲ့အတွက် ၂၀၀၆ ခုနှစ်က တိုက်စစ်မှူး စီရိုနယ်လ်ဒိုနောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ ပေါ်တူဂီအသင်း၏ ဒုတိယမြောက် အသက်အငယ်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ ဆွစ်ဇာလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်အဆင့်မှာ မော်ရိုကိုအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ မော်ရိုကိုအသင်းကတော့ (၁၆)သင်းအဆင့်ပွဲစဉ်အဖြစ် စပိန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး သာမန်ပွဲကစားချိန်အတွင်းမှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့လို့ အချိန်ပိုကစားရာမှာ လည်း ပြတ်သားတဲ့ရလဒ်မထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာ စပိန်အသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြေယ်

# အုတ်တွင်းမြို့နယ် သမဝါယမအသင်းသားများပိုင် လယ်မြေများတွင် ဆင်းသုခစပါးများ စိုက်ပျိုး

အုတ်တွင်း ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ကျွဲပွဲ-၂ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၏ အသင်းသားပိုင်လယ်မြေ ၂၃ ဧက၊ အုတ်တွင်းမျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်း၏ အသင်းသားပိုင်လယ်မြေ ၆၁ ဧက စုစုပေါင်းလယ်မြေ ၈၄ ဧကပေါ်တွင် ဆင်းသုခစပါးများ စိုက်ပျိုးထားရှိသည်။

အသင်းများအနေဖြင့် ဆင်းသုခစပါးများ ရိတ်သိမ်းချိန်တွင် တစ်ဧကလျှင် ပျမ်းမျှ ၆၅ တင်းမှ တင်း ၇၀ ထိ ထွက်ရှိနိုင်ပြီး လယ်မြေဧက ၈၄ ဧကပေါ်တွင် စုစုပေါင်း စပါးတင်း ၅၀၀၀ ကျော်ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၂-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပေတ္တသုတ်၊ရတနာသုတ်၊ ဓေတရွှင်သုတ်အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
- ၀၉:၁၀ NRC အစီအစဉ် 'ဒေသတစ်လျှား စိတ်ဝင်စားဖွယ်ရာများ'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'အတူမြင်အာတာသင်'
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွင်ပျံ့အာမုန်း' (အပိုင်း-၄၀)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတာက်' (အပိုင်း-၄)
- ၁၆:၃၅ 'ပြုပြင်ရှုမြင်မြန်ပြည်တစ်ခွင်'
- ၁၇:၃၀ Soccer View
- ၁၇:၄၀ စိုက်ပျိုးမွေးမြူရေးမှသည်ငါးနှင့် ဆက်စပ်သောတန်ဖိုးမြင့်ထုတ်ကုန်များ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြည်မန်ဟာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အာတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၂၉)
- ၁၉:၄၀ 'ဝုဏ်ပြုကြိုဆိုပါသည်သမမအကြိမ် အာဆီယံ ၁၈ စမ်းပဟေဠိပြိုင်ပွဲမှသည်'
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ ပိုးလေဝသအခြေအနေ
- ၂၁:၀၅ သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတာက်' (အပိုင်း-၁၄)

**mtv**

- 07:02 Evergreen Classic: Thatta Htar Na (Sein Lei Lei)
- 07:11 The Four Famous of Bagan
- 07:30 Journey To The Mogok (Part-1)
- 07:53 Traffic Police
- 08:01 News
- 08:27 A Special Moment with A Man of Versatility (Epi-2) Personal & Artistic Life
- 09:01 Discovering Tribes: Yin Net Tribe - Their Life and Customs
- 09:28 Kyaw Min Thu (Winner) Lose2Win With Andy
- 09:40 Star Bean Production
- 10:01 News
- 10:27 Myanmar Traditional Food: Mohinga
- 10:46 A Snake Catcher
- 11:01 Well-trained Elephants

**MRTV NRC**

- ချင်း (လိုင်စီး) (၆:၀၀ မှ ၇ :၀၀) — တောင်ကြာပန်းများ ပေါ့စ်ရာဒီန်မှုတောင်
- ချင်း (ချိုး) (၇:၀၀ မှ ၈: ၀၀) — ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁၁)
- မွန် (၈:၀၀ မှ ၁၀: ၀၀) — ထန်းပင်ပေါ်ကတိုင်ပေပေ
- ရခိုင် (၁၀:၀၀ မှ ၁ ၂:၀၀) — ထင်းသိမ်စိုလေရိုးရာအမွေ(တက်ညီလက်ညီအပြိုင်လှော်ရိုးရိုးရာပြိုင်လောင်းပွဲတော်)
- ရှမ်း (၁ ၂:၀၀ မှ ၁၄:၀၀) — ရှမ်းဒေါင်းပေါင်းပေါင်းနည်း
- "ဝ" (၁၄:၀၀ မှ ၁၆ :၀၀) — 'ဝ 'ရိုးရာဝတ်သားပဲနှပ်ဟင်းရည်ရိုးရာ ဝတ်သားပဲနှပ်ဟင်းရည်
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) — ကချင်ရိုးရာစကောထမင်း
- ကယား (၁၈ :၀၀ မှ ၂၀ :၀၀) — ကယားတိုင်းရင်းသားတို့ရဲရိုးရာဝေလေ ဆိုရိုးစကားများ(အပိုင်း-၂)
- ဝေးကရင် (၂၀ :၀၀ မှ ၂၁ :၀၀) — ဂန္ဓဝင်ဆန်တဲ့အချစ် (ဇာတ်သိမ်းပိုင်း)
- အရှေ့ပိုင်းကရင် (၂၁:၀၀ မှ ၂၂:၀၀) — စားပြိန်ဖွယ်ရာ ထုံးဟင်းလျှာ
- အရှေ့ပိုင်းကရင် (၂၂:၀၀ မှ ၂၂:၀၀) — ဆွေညီနောင်များ ဘာသာစကားဖြင့်ချစ်ကြည်ဇေမည် (အပိုင်း-၉)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၃၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ 'ပြည်တွင်းထုတ်ကုန်များအတွက် ရေးကွက်ချိတ်ဆက်ပေးမည့် E Market Place Platform'
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁ ၂:၁၅ ကာတာကမ္ဘာ့ဖလား (Highlights)
- ၁ ၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်လူ'
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေသိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးနှိုင်း အပိုင်း-၃
- ၁၁:၀၀ နိုင်ငံတကာဂေးကောက်ပွဲများအကြောင်း (တောင်အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ 'အတွေးအမြင်' အပိုင်း-၃

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နွားတံခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် ပိုးလေဝသ
- ၀၆:၃၀ ၁ရပ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး တောင်သူများနှင့်ဆွေးနွေးပေး
- ၀၆:၅၀ ကမ္ဘာနန်းကျင်ဝိပျိုးကွဲစုံလင်
- ၀၇:၁၅ ကြံဖတ်မှသည်ကုန်ချောနစ်ပျိုးဆီသို့
- ၀၇:၅၀ သီးထပ်ခွမ်းအားဝင်ငွေတိုး သက်တမ်းတိုစပါးမျိုး
- ၀၈:၂၅ နည်းပညာတန်ဖိုး(ဇာတ်လမ်းတို)
- ၀၈:၅၀ တစ်ပိုင်တစ်နိုင်ဝိဝတတ်ငွေထုတ်လုပ်ခြင်း

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲကသုတိုအကြောင်း
- ၁၅:၂၀ World Cup Hightlight/ ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
- ၀၈:၀၀ ပြန်လည်သံစား မြန်မာနေ့ရှင်းနယ်လံဝ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်မိနှစ်(၉)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtv.news twitter.com/mrtvwebportal

# ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများနှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၄၉၇ ဦးအတွက် စာရေးကိရိယာများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက်ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရေပူကျေးရွာနေ နေကိုလင်းသည် ၎င်းအသုံးပြုသည့် "Nay Ko Lin" Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၇**

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက်ရေမိုင် ၅၇၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက်ရေမိုင် ၆၉၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာမြို့၏ အရှေ့-အရှေ့တောင်ဘက်ရေမိုင် ၃၀၅ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက်ရေမိုင် ၃၇၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၉ ဒသမ သုည ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ သုည ၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၈ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း ကမ်းလွန်-ပူဒုချယ်ရီနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရ်တောင်ပိုင်းကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၇၂ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/၈လ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၆၅ | ၁၉၁၀ | ၁၉၀၅ | ၁၈၇၀ | ၁၉၁၀ | ၁၉၃၀ | ၁၉၁၅ | ၁၈၉၅ | ၁၉၉၀ | ၂၀၀၅ | ၁၉၀၀ | ၁၉၁၀ | ၁၉၄၅ | ၁၉၄၅ | ၁၉၄၅ | ၂၁၆၅ | ၂၉၂၀ |
| 95 Ron | ၁၉၆၀ | ၂၀၀၅ | ၂၀၀၅ | ၁၉၇၀ | ၂၀၀၅ | ၂၀၂၅ | ၂၀၁၅ | ၁၉၉၀ | ၂၀၈၅ | ၂၁၀၀ | ၁၉၉၅ | ၂၀၁၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၂၆၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၃၅ | ၂၂၃၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၀ | ၂၂၇၅ | ၂၂၈၀ | ၂၅၀၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၈၀ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၅ | ၂၃၅၅ | ၂၅၇၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၈၀ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၅ | ၂၃၅၅ | ၂၅၇၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၆၈ | ၁၈၃၇ |
| 95 Ron | ၁၈၆၂ | ၁၉၃၃ |
| HSD (500 ppm) | ၂၀၉၁ | ၂၁၆၂ |
| HSD (50 ppm) | ၂၁၆၄ | ၂၂၃၇ |
| HSD (10 ppm) | ၂၁၆၄ | ၂၂၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۶۷- ၄၀၉၈၈၁၊ ၀۹-۶۹۹۶۵၁၁၁۶

၀۶۷- ၄၁၁၁၂۹၊ ၀۹-۴۴၀۴۲۲၅၅۲

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## "တူယှဉ်ခွဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၅) ဒုတိယအဆင့်(Level -2) ပြိုင်ပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် "တူယှဉ်ခွဲပျော် ဂီတပွဲတော်" Season–2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှစတင်ပြီး ပွဲစဉ်(၁၈)ပွဲဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့် အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က လည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဏ္ဌာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ်လည်းကောင်း ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာမှ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2)တွင် ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် ၁၀ ဦးအား ဦးစွာရွေးချယ်ခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်မှုဖြင့် ထပ်မံရွေးချယ်ခဲ့ရာ ပြိုင်ပွဲဝင် ခုနစ်ဦး ပေါ်ထွက်လာပြီဖြစ်၍ ပွဲစဉ် (၁၅) အား ဒီဇင်ဘာ ၉ ရက် သောကြာနေ့ညတွင် စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်ပြီး MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ချင်းပြည်နယ်မှ မြင့်မြတ်သူ (MF02)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MF03)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MF05)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MF06)၊ ကချင်ပြည်နယ်မှ လလဆွတ် (MF07)၊ နေပြည်တော်မှ ပူတူး (MF09) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့အား ပြည်တွင်းတယ်လီဖုန်း Operator များမှတစ်ဆင့် Code No 7575 သို့ ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ဒီဇင်ဘာ ၉ ရက် ည ၉ နာရီမှစတင်၍ ဒီဇင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီအထိ SMS အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်သည်။ အဆိုပါအစီအစဉ်ကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## "နိုပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" မှ "မဟောသဓာ လည်ရွှဲနှင့် ချည်ထွေးတရားစီရင်ခန်း" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင် ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိုပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် စနေနေ့ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "မဟောသဓာ လည်ရွှဲနှင့် ချည်ထွေးတရားစီရင်ခန်း" ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏တီးခတ်မှု၊ ဘွန်း၊ နန်းခင်မွေး၊ ဆန်းနေအောင်၊ မင်းဗိုလ်၊ ဘဲဥမ၊ သဒ္ဒါသိမ့်၊ စိမ်းမြတ်သူ၊ စန္ဒာလင်းတို့နှင့် အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဒီဇင်ဘာ ၁၀ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၉၅)ကို ဒီဇင်ဘာ ၉ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရန့်နှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည် ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် အကြိမ် (၅၀) ပြည့် ရွှေရတုအဖြစ် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်

**သီပေါ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မဟာမြတ်မုနိဘုရားကြီး သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာ အရှင်ဥာဏိသရ၏ ဦးဆောင်ဦးရွက်မှုနှင့် သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ ပညာသီရိ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင် စသည့်မြို့ကြီးများမှ မျက်စိအထူးကု ဆရာဝန်ကြီးများက အခမဲ့ မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခဲ့ရာ (၄၉) ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ မျက်စိစမ်းသပ်ခွဲစိတ်ကုသမှု အကြိမ် (၅၀) ပြည့် ရွှေရတုအဖြစ် ၂၀၂၃ ခုနှစ် ဧနှစ်လ၀ါရီ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သော ကြောင့် ဆရာ၀မ်များနှင့် လူနာများ စိတ်အေးချမ်းသာစွာ ကုသဆောင်ရွက်နိုင်ရေးအတွက် ဆေးရုံတော်ကြီးအတွင်းအပြင်နှင့် ခွဲစိတ်ကုသခန်းများ၊ မျက်စိခွဲစိတ်စက်နှင့် မျက်စိရောဂါရှာသည့် စက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးမှုများကို ၂၀၂၃ ခုနှစ် ဧနှစ်လ၀ါရီ ၄ ရက်မှ ၈ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မျက်စိဝေဒနာရှင်များအနေဖြင့် အခမဲ့လာရောက် စမ်းသပ်ကုသနိုင်ကြောင်းနှင့် အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးနိုင်ရန်အတွက် အလှူရှင်များကလည်း အလှူငွေများ လာရောက် လှူဒါန်းပေးလျက်ရှိကြောင်း မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော်ထံမှ သိရသည်။

**ခင်လေး**
**(သီပေါ-ပြန်/ဆက်)**

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆာမတ်ပရာကန်အသင်း ခြေစမ်းကစားစဉ်။

# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် ထိုင်းကလပ်ကို အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၇**

2022 AFF Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဒီဇင်ဘာ ၇ ရက်က ထိုင်းကလပ် ဆာမတ်ပရာကန်အသင်းနှင့် ခြေစမ်းကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၂၈ ရက်ကတည်းက ထိုင်းနိုင်ငံ၌ လေ့ကျင့်လျက်ရှိပြီး ခြေစမ်းပွဲများ ဆက်တိုက်ကစားနေခြင်းဖြစ်ပြီး ဒုတိယမြောက် တရားဝင်ခြေစမ်းပွဲတွင် နှစ်ပွဲစလုံး အနိုင်ရထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုပွဲတွင်လည်းကစားသမားများကို အပြောင်းအလဲ ပြုလုပ်ကာ အသုံးပြုခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ပွဲထွက်လူစာရင်းတွင် ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲမင်းသူ၊ ငြိမ်းချမ်း၊ ဟိန်းဇေယျာလင်း၊ နန္ဒကျော်၊ အောင်နိုင်ဝင်း၊ ကျော်မင်းဦး၊ ရန်နိုင်ဦး၊ ဟိန်းထက်အောင်၊ မြတ်ကောင်းခန့်၊ ဝင်းနိုင်ထွန်းတို့ကို အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်အသားပေးကစားခဲ့ပြီး ၂၇ မိနစ်တွင် ကွင်းလယ်ကစားသမား အောင်နိုင်ဝင်းက အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားလာနိုင်ပြီး ၃၂ မိနစ်တွင် မြတ်ကောင်းခန့်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ယှဉ်ပြိုင်ကစားခဲ့သည်။ ဒုတိယပိုင်းတွင် ဆာမတ်ပရာကန်အသင်းက ချေပဂိုးရရန် ပြန်လည်ကြိုးပမ်းလာပြီး အခွင့်အရေးများပြန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၆၂ မိနစ်တွင် လှိုင်းဘိုဘို၏ အဝေးကန်ချက် ဘားထိထွက်ခဲ့သဖြင့် တတိယဂိုးနှင့် လွဲချော်ခဲ့ရသည်။

မြန်မာအသင်းသည် ထိုင်းခရီးစဉ်နောက်ဆုံး ခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၁၁ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် နိုဝင်ဘာ ၂၉ ရက်က ကစားသည့် ပထမခြေစမ်းပွဲတွင် ထိုင်းကလပ် ချောင်ဘူရီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

# ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ တစ်ဆက်တည်း ဖွင့်လှစ်သွားမည်

**မင်းဘူး ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု) မြို့နယ် မန်းရွှေစက်တော်ဘုရားကြီးအနီးရှိ ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ တစ်ဆက်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မင်းဘူးသစ်ထုတ်ရေးဒေသတာ၀နခံ ခရိုင်မန်နေဂျာ ဦးဇော်၀င်းနိုင်ထံမှ သိရသည်။

ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်း၌ တောတောင်ရေမြေနှင့် စိမ်းစိုသာယာလှပသော သဘာ၀ရှုခင်းအလှများကို အခြေခံ၍ မြန်မာ့သစ်လုပ်ငန်း မင်းဘူးသစ်ထုတ်ရေးဒေသ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြု ခရီးသွားလုပ်ငန်းက ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်စေရန်နှင့် ခရီးသွား၀န်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

"ဆင်စခန်းကတော့ ယခုလက်ရှိမှာ အဆက်မပြတ် ဖွင့်လှစ်ထားပြီးတော့ ရွှေစက်တော်ဘုရားပွဲတော် ချိန်မဟုတ်တော့ လာရောက်သူတော့ နည်းပါးတာပေါ့။ ဆင်စခန်းမှာ လာရောက်အပန်းဖြေတဲ့သူတွေကို ခရီးသွား၀န်ဆောင်မှုလုပ်ငန်းအားလုံး ဆောင်ရွက်ပေးနိုင်ဖို့၊ ခရီးတိုဆင်စီးရင် တောတောင်ရေမြေနဲ့ စိမ်းစိုသာယာလှပတဲ့ သဘာ၀ရှုခင်းအလှတွေကို ကြည့်ရှုခံစားနိုင်စေဖို့နဲ့ မန်းချောင်းဘေး ဆင်တွေနဲ့ အတူ ရေချိုးရင်း အပန်းဖြေအနားယူနိုင်စေဖို့အတွက် ယာယီတံတား၊ တည်းကျောင်းနဲ့ အလှဆင်တာတွေကို ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြားအနေနဲ့ ဆင်လိမ္မာလေးတွေနဲ့အတူ ကပြ (အလှပြ) ဖျော်ဖြေဧည့်ခံတဲ့အစီအစဉ် (Elephant Show) ကို ထည့်သွင်းဆောင်ရွက်သွားမှာပါ" ဟု ဆင်စခန်းတာ၀နခံ လက်ထောက်မန်နေဂျာ ဦးထက်နိုင်အောင်က ပြောကြားသည်။

အဆိုပါ ဆင်စခန်းကို ဖွင့်လှစ်ချိန်အဖြစ် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီထိ သတ်မှတ်ထားကြောင်း၊ ဆင်ထီးလေးကောင်၊ ဆင်မခုနစ်ကောင် ရှိပြီး ပြည်တွင်းခရီးသွားတစ်ဦးလျှင် ဝင်ကြေး ကျပ် ၁၀၀၀ နှင့် ခရီးတိုဆင်စီးခ ကျပ် ၅၀၀၀ နှုန်း၊ နိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေး ကျပ် ၁၀၀၀၀ နှင့် ခရီးတိုဆင်စီးခ ကျပ် ၁၀၀၀၀ နှုန်း၊ တည်းခိုဆောင်အနေဖြင့် ဘန်ဂလို ၁၁ လုံးရှိပြီး တစ်လုံးအတွက် တစ်ရက်ငှားရမ်းခ ကျပ် ၃၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်း၊ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းအပါအ၀င် မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း Elephant Conservation Based Tourism (ECBT) စခန်း ၂၂ ခု ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ငပုတောမြို့နယ်၌ ကုန်ထုတ်လမ်းလုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၇**

ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဌေးနိုင် (ဒုတိယညွှန်ကြားရေးမှူး) တက်ရောက်အမှာစကားပြောကြား၍ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထိုမှတစ်ဆင့် ဝက်ဆူကျေးရွာတွင် ဝ\၇.၇၇မိုင်၊ အကျယ် ၁၀ပေ ထုဧလက်မဖြင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၆၆၇ သန်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

///

ဝတ္ထုတို

# သံဝေဂလမ်း

လင်းမောင်(စီးပွားရေး)

"ကျွန်မတို့မြို့ရဲ့ ဒီလမ်းလေး အလွန်သာယာပါတယ်။ ချောင်းရေလှိုင်းနဲ့ ရေပြင်ဖြတ်လာတဲ့လေနုအေးလေးနဲ့။ သို့သော်လည်း မြို့သူမြို့သားတွေကတော့ ဘယ်သူမှမလာချင်ပါဘူး။ လေနုအေး တိုက်ခတ်ပေမယ့်ရင်တွေဗလောင်ဆူ၊ မိသားစုတွေရဲ့နောက်ဆုံးနှုတ်ဆက်ရသော နေရာလေးပေါ့။ သွားနှင့်သူကို ကျန်နေသူတွေက ဖေးမကြ၊ ကူညီပြီး ယပ်တောင်တွေဝေပေးကြ၊ သူတို့အားလုံးလည်း ပူဆွေးဖူးကြသူတွေကြီးပါပဲ။ သို့သော်လည်း တစ်နေ့တော့ ငြင်းမရဘဲ ဒီလမ်းကိုလျှောက်ရဦးမှာပါ။ ရောက်နှင့်သူလား၊ ကူညီသူလား ဆိုတာကတော့ ကံတရားကြီးကပဲ သိပေမပေါ့လေ၊ ဒီတော့ . . .'ငါလည်း တစ်နေ့ပေါ့'"

သူငယ်ချင်း ဥမ္မာကျော်၏ ဖေ့စ်ဘွတ်လူမှုကွန်ရက် စာမျက်နှာတွင် တွေ့လိုက်ရသည့် စာသားအချို့ပင်။ ကျွန်တော်လည်း စိတ်မကောင်းခြင်းများစွာဖြင့် "သံဝေဂလမ်းပေါ့ သူငယ်ချင်းရယ်"ဟု ပြန်ရေးပေးလိုက်မိသည်။ ကျွန်တော်တို့မြို့လေး၏ မီးသင်္ဂြိုဟ်စက်ရှိရာသုသာန်သို့သွားရာလမ်းလေးအကြောင်းကို သူငယ်ချင်းဖြစ်သူက ကြေကွဲဆွေးမြည့်စွာ သတိသံဝေဂရှိစေရန် အသိပေးစာအဖြစ် နှလုံးသားဖြင့်ရေးသားခဲ့ခြင်းဖြစ်ကြောင်း နားလည်ခံစားရသည်။

ထိုနေ့သည် ဆရာဦးရဲမြင့်၏ နောက်ဆုံးခရီးလည်းဖြစ်သည်။

ဆရာသည် ကျွန်တော်တို့ကို အထက်တန်းပညာသင်ကြားပေးခဲ့သည့်ဆရာတစ်ဦးဖြစ်ရုံသာမက ကျွန်တော်တို့ငယ်စဉ်က ပညာသင်ယူခဲ့သော ဝါးခယ်မမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ၈၃- ၈၄ ကျောင်းသားဟောင်းများအဖွဲ့၏ နာယကလည်းဖြစ်နေသည်။

"ဆရာဦးရဲမြင့် ဆုံးပြီကွာ။ နာရေးမှာ ကမ်းဖို့၊ ပဋ္ဌာန်းစာအုပ်တွေ၊ သံဝေဂတရားစာအုပ်တွေ အုပ်ရေ ငါးရာ၊ ခြောက်ရာလောက် လိုချင်တယ်။ ဘယ်မှာဝယ်ရမလဲ သူငယ်ချင်း'' ဟု ကျွန်တော်တို့၏ ၈၄ ကျောင်းသားဟောင်းများအဖွဲ့ဥက္ကဋ္ဌဖြစ်သူ ကိုဇော်လေးက ဖုန်းဆက်သည်ကို အကြောင်းသင့်ပြန်လည်ဖြေကြားလိုက်သည့်တိုင် ရင်ထဲတွင် တစ်ဆို့ဆို့ကြီးဖြစ်နေရလေသည်။ တစ်နေ့တော့ လူတိုင်းကြုံကြရမည်ဟု သိထားသည့်တိုင် မိမိနှင့်နီးစပ်သည့်သူများ၏ နာရေးသတင်းကိုကား မကြားလို၊ မသိလိုသည်က အမှန်ပင်။

"တပည့်တွေကို ဒီလိုစကားတွေ အားပါးတရပြောတတ်တဲ့ဆရာ၊ သူ့စိတ်နဲ့ မတိုက်ဆိုင်ရင် ငြင်းခုံတတ်တဲ့ ဆရာ၊ ဆရာနဲ့အတူသွားခဲ့တဲ့ ခရီးစဉ်တိုင်းမှာ ဆရာနဲ့မတူဘဲ ကလေးဆိုးကြီးလို တပည့်တွေအပေါ် ဂျီကျတတ်တဲ့ ဆရာ၊ ရင်ထဲကခံစားရတာတွေကို အဖေတစ်ယောက်လို နားထောင်ပေးပြီး နှစ်သိမ့်တတ်တဲ့ဆရာရယ် ....။ တပည့်အားလုံးကို အမှတ်တရ ပေးသွားခဲ့ပြီပေါ့။ ဆရာ့တပည့်များအမျှဝေသံကို မြတ်သောဘုံ ရောက်သောနေရာက သာဓုခေါ်နိုင်ပါစေ။ နေ့တိုင်း

အမျှဝေပေမယ့် ကြားသိမှုအဓိပ္ပာယ်တွေတော့ ပြောင်းသွားပြီပေါ့ဆရာ။

"ကောင်းတာတွေလုပ်နေတဲ့ နင့်စိတ်၊ မကောင်းတဲ့အရောင် မှိန်မှိန်လေးတောင် အဝင်မခံနဲ့တဲ့" ဆရာ့စကား ရင်မှာထားလို့ ဆရာ့ကိုကန်တော့လိုက်ပါတယ်။ ဆရာ... ကောင်းမြတ်သောဘုံက သာဓုခေါ်ဆိုနိုင်ပါစေ..."

ကွယ်လွန်သူဆရာ၏ တပည့်ဖြစ်သူ ဥမ္မာကျော်၏ မချင့်မရဲဖြင့် ရင်မှထွက်ကျလာသည့် စကားလုံးများကို လူမှုကွန်ရက်တွင် ဖွင့်ချရေးသားထားသည်များကို ရင်နင့်ကြေကွဲစွာဖြင့် ဖတ်ရှုလိုက်ရသည်။ ခံစားလွယ်သည့် ကျွန်တော့်အဖို့ ရင်မှာတစ်စုံတစ်ရာ ထိခိုက်မိတော့သည်။ သူငယ်ချင်း ဥမ္မာကျော်သည် ကျွန်တော်နှင့် တစ်ခန်းတည်းတက်ရောက်ခဲ့သည့် ဆယ်တန်း(B)မှ အတန်းဖော်လည်းဖြစ်သည်။ ကျောင်းတက်စဉ်က မရင်းနှီးခဲ့။ တက္ကသိုလ်ဝင်တန်းကို ကျော်လွန်ခဲ့ပြီး နှစ်ပေါင်းသုံးဆယ်ခန့်ရောက်မှ ဆရာကန်တော့ပွဲကိစ္စဖြင့် ပြန်လည်တွေ့ဆုံခင်မင်ရသည့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သည်။

သူငယ်ချင်းဥမ္မာကျော်သည် သူ၏ခင်ပွန်းနှင့်အတူ သူတတ်မြောက်ထားသည့် တိုင်းရင်းဆေးပညာဖြင့် ကုသိုလ်ဖြစ် ပရဟိတဆေးခန်းဖွင့်လှစ်ကာ ကုသိုလ်ယူနေသည့် ဖြူစင်သည့် စေတနာရှင် မေတ္တာရှင် ဇနီးမောင်နှံလည်းဖြစ်သည်။

"သူငယ်ချင်းရေ လိုချင်တဲ့ တရားသံဝေဂစာအုပ်တွေရတယ်။ ဆရာ့နာရေးအတွက် ငါတို့မနက်ဖြန် မြို့ကိုသွားကြမှာ လိုက်နိုင်ရင် လိုက်ခဲ့ပါလား"

သူငယ်ချင်းကိုဇော်လေးက ဖုန်းဆက်ပြောရှာသည့်တိုင် ကျွန်တော့် အခြေအနေအရ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဖြစ်ရသည်။ ကျွန်တော် ကျင်လည်ရာ အလုပ်ခွင်သည် ကျွန်တော့်ဘဝတွင် လူမှုရေးပျက်ကွက်ရသည်က များသည်။ ဘဝ၏ အသက်မွေးဝမ်းကျောင်း ရှုန်းကန်ရာတို့သည် အခြေအနေအမျိုးမျိုးရှိနေပေရာ အသိတရား ရရုံမှတစ်ပါးမည်သို့မျှမတက်သာပေ။ ကိုယ်ရွေးချယ်ရာ ကိုယ်စီမံရာအတိုင်းသာ လျှောက်လှမ်းနေရသည့် လောကသဘာဝပင် မဟုတ်ပါလား။

"ဆရာကြီး ဦးရဲမြင့် အခြေခံပညာအထက်တန်းကျောင်းအုပ် (ငြိမ်း)၊ အသက် (၇၅) နှစ်၊ ၂၂-၁၁- ၂၀၂၂ ရက် နေ့လည် ၁ နာရီခွဲခန့်တွင် ကွယ်လွန်သွားခဲ့ပါတယ်။ ဆရာ့ရဲ့နောက်ဆုံးခရီးလေးကို လိုက်ပါမပို့ဆောင်နိုင်သူများ မြင်တွေ့နိုင်ရန် ဝမ်းနည်းစွာဖြင့် တင်ပြအပ်ပါတယ်''ဟု.. သူငယ်ချင်းကိုဇော်လေးက.. ဆရာ၏နာရေးအား လိုက်ပါမပို့ဆောင်နိုင်သည့် ကျွန်တော့်ကဲ့သို့သော တပည့်များ တွေ့မြင်သိရှိစေရန် ဆရာ၏နောက်ဆုံးခရီးမြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် တင်ပေးခဲ့သည့် ဓာတ်ပုံများနှင့် ကြေကွဲဖွယ်ရာ စာသားများပင်ဖြစ်သည်။

ကွယ်လွန်သူဆရာ့အတွက် ကျွန်တော်တို့ ၁၉၈၃-၁၉၈၄ ကျောင်းသားဟောင်းများ၏ စုပေါင်းလှူဒါန်းငွေ တစ်ဆယ့်နှစ်သိန်းခန့်နှင့် ကျန်ရစ်သူဆရာ့မိသားစုဝင်များမှ ထည့်ဝင်ငွေတို့ဖြင့် စုပေါင်းကာ အလှူတော်ငွေ ၁၅ သိန်းဖြင့် ဝါးခယ်မမြို့ ရွာလယ်ကျောင်းသစ်တောရ ထာဝရမမ္မရိပ်သာကြီးတွင် ရေလောင်းသန့်စင်ခန်း(ကုဋေ) ငါးခန်းတွဲအား ရေစက်ချလှူဒါန်းပြီး ဆရာ့အားအမျှပေးဝေခဲ့ရာ မြင့်မြတ်ရာ ဘုံဘဝမှနေ၍ သာဓုခေါ်ဆိုနိုင်ပါစေကြောင်း ရင်နင့်အမျှဆုတောင်းမေတ္တာပို့သလိုက်ရပါကြောင်း ဆရာ့မိသားစုထံမှ သိရသည်။

"ကျွန်မတို့မြို့ရဲ့ ဒီလမ်းလေး အလွန်သာယာပါတယ်။ ချောင်းရေလှိုင်းနဲ့ ရေပြင်ဖြတ်လာတဲ့လေနုအေးလေးနဲ့ သို့သော်လည်း မြို့သူမြို့သားတွေတော့ ဘယ်သူမှမလာချင်ပါဘူး။ လေနုအေးအေး တိုက်ခတ်ပေမယ့် ရင်တွေဗလောင်ဆူ၊ မိသားစုတွေရဲ့ နောက်ဆုံးနှုတ်ဆက်ရသော နေရာလေးပေါ့။ သွားနှင့်သူကို ကျန်နေသူတွေက ဖေးမကြ၊ ကူညီပြီး ယပ်တောင်တွေဝေပေးကြ၊ သူတို့အားလုံးလည်း ပူဆွေးဖူးကြသူတွေကြီးပါပဲ။ သို့သော်လည်း တစ်နေ့တော့ ငြင်းမရဘဲ ဒီလမ်းကိုလျှောက်ရဦးမှာပါ။ ရောက်နှင့်သူလား၊ ကူညီသူလား ဆိုတာကတော့ ကံတရားကြီးကပဲ သိပေမပေါ့လေ၊ ဒီတော့ . . .'ငါလည်း တစ်နေ့ပေါ့'

သူငယ်ချင်း ဥမ္မာကျော်၏ လူမှုကွန်ရက်မှ စာသားတို့ကို အသံထွက်ရေရွတ်မိလိုက်သည်။

သတ္တဝါမှန်သမျှ မလွတ်ကင်းနိုင်သည့် မရဏာလမ်းသို့ စံမြန်းကြရမည်ဖြစ်ပေရာ သက်ရှိထင်ရှားရှိနေစဉ် ကာလများတွင် ဘဝကူးကောင်းရန်အတွက် ကြိုတင်ပြင်ဆင်နိုင်ရေး တရားဓမ္မတို့ကို မြဲမြံစွာလက်ကိုင်ထားရန် အချိန်မီအသိပေးသည့် သံဝေဂလမ်းလေးပင်ဖြစ်ပေတော့သည်။ ။

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**ကချင်တိုင်းရင်းသားစကားထာ**

ရှေးလွန်လေပြီးသောအခါက ရာမည်တိုင်းဒေသ အတွင်းရှိ ကျေးလက်ရွာတစ်ရွာတွင် ဗညားနှင့် လဂွန်းအိမ်ဟူသည့် သူငယ်ချင်းနှစ်ယောက်ရှိသည်။ သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားဖြင့် ပညာသင်ယူလျက်ရှိသည်။

ရွာဦးကျောင်းဆရာတော်ကြီးသည် မွန်တိုင်းရင်းသားဆရာတော်ကြီးဖြစ်ပြီး စာပေကျမ်းဂန်များကို ကျွမ်းကျင်နှံ့စပ်သည့် ဆရာတော်ကြီးအဖြစ် ထင်ရှားသည်။

ဗညားနှင့် လဂွန်းအိမ်တို့သည် အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်း၏တောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

"ဗညားရေ ဉာဏ်စမ်းပဟေဠိ မေးခွန်းမေးဖို့ အချိန်တန်ပြီနော်"

"အချိန်တန်ရင်လည်း မေးတော့ပေါ့ကွာ" လဂွန်းအိမ်၏ စကားကို ဗညားက ခပ်သေ့သေ့ ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"ကဲ မေးပြီ ဗညားရေ။ 'လှိုဏ်ဂူထဲမှာ စပါးဖျာ' ဆိုတာ ဘာများလဲ၊ ဖြေပါဦး"

ဗညားတစ်ယောက် လဂွန်းအိမ်၏ ဉာဏ်စမ်းအမေးကို နှစ်ခေါက်သုံးခေါက် တီးတိုးရွတ်ဆိုကြည့်နေသော်လည်း အဖြေကားချက်ချင်းမထွက်နိုင်ဖြစ်နေရတော့သည်။

"ခဏလေး သူငယ်ချင်း၊ စဉ်းနေတုန်းမို့လို့"

"ရပါတယ် ဗညားရာ။ စဉ်းစားပါ၊ အချိန်တော့ သိပ်မဆွဲနဲ့ပေါ့။ စဉ်းစားမရရင်လည်း အားမနာနဲ့ ပန်းပေးလိုက်လေ။ အဖြေက ရှိပြီးသား" လဂွန်းအိမ်က ဗညားအား မထိတထိလှမ်းပြောလိုက်ပြီး မြက်ခင်းစိမ်းစိမ်းပေါ်သို့ လဲချလိုက်သည်။

"ဝူး...တော်သေးတာပေါ့ လဂွန်းအိမ်ရာ။ ခုမှ စဉ်းစားလို့ရတာ၊ ဖြေလိုက်တော့မယ်နော်။ သူငယ်ချင်း မေးတဲ့ မေးခွန်းက 'လှိုဏ်ဂူထဲမှာ စပါးဖျာ'လို့ မေးထားတာဆိုတော့ အဖြေက 'လျှာ' ပါတဲ့ဗျာ၊ ကချင်တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတွေ ထဲကပဲ မဟုတ်လား။ ဟုတ်တယ် ဟုတ်"

"ဟုတ်ပါ့ဗျား ဟုတ်ပါ့။ တော်လိုက်တာ သူငယ်ချင်းရာ"

"ဒါဆိုရင်တော့ ငါမေးရမယ့်အလှည့်ပေါ့နော်"

"မေးပါသူငယ်ချင်း မေးလိုက်ပါ။ ဖြေဖို့အသင့်ပါပဲ"

ဗညားက မေးမည့်စကားထာဉာဏ်စမ်းကို ရေရွတ်လိုက်ရင်း မန်ကျည်းပင်ကြီးကို ကျောမီကာ ရပ်လိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောသည်။

"လဂွန်းအိမ်ရေ ငါမေးချင်တဲ့ ပဟေဠိမေးခွန်းက 'မြိုင်ထဲမှာတရွရွ ဝက်အုပ်ထ'ဆိုတာ ဘာလဲကွာ"

"ဟေ သူငယ်ချင်းမေးခွန်းက တယ်ဆန်းပါလား။ လွယ်မယ်ထင်တာ ခက်နေပါရောလား"

"မနောက်ပါနဲ့ကွာ၊ အဖြေက လွယ်လွယ်လေးပါ။ စဉ်းစားမတွေ့ရင်တော့ ပန်းပေးလိုက်ပေါ့" လဂွန်းအိမ်ကို ဗညားက ခနဲ့သည့်လေသံဖြင့် မကြားတကြားပြောလိုက်ခြင်းဖြစ်သည်။

"ကြိုးစားဖြေရမှာပေါ့ ဗညားရာ။ မေးထားတာ ကဘာတဲ့ 'မြိုင်ထဲမှာတရွရွ ဝက်အုပ်ထ'လို့ မေးထားတာဆိုတော့ အဖြေက 'ခေါင်းထဲက သန်း' လို့ ဖြေလိုက်ရင်တော့ မှန်ပါတယ်နော်။ ကချင်တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းတွေထဲကလို့ ထပ်ပြောရင်၊ မလွဲလောက်ပါဘူးနော် သူငယ်ချင်း"

လဂွန်းအိမ်၏ အဖြေစကားကြောင့် ဗညားတစ်ယောက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောလာသည်။

"မလွဲပါဘူး၊ မှန်ပါတယ်သူငယ်ချင်းရာ"

"ငါမေးရမယ့်အလှည့်ကို ပြန်ရောက်လာလို့ မေးဦးမယ်နော်"

"မေးပါကွာ မေးစမ်းပါ၊ ဖြေချင်လွန်းလို့ စောင့်စားနေရတာပါ"

"ဒါဆိုရင်တော့ မေးပြီ။ 'ခွဲမရအောင်ချစ်၊ အကူတောင်းတော့ မဖြစ်' အဲဒါဘာလဲ၊ ဖြေကွာ"

"ဗညားကလည်းကွာ မင်းရဲ့မေးခွန်းက ရှင်းရှင်းလေးကို၊ 'ခွဲမရအောင်ချစ်၊ အကူတောင်းတော့ မဖြစ်' ဆိုတော့ မကူညီချင်လို့များလား၊ ဒါမှမဟုတ် အကူအညီတောင်းတာ မကြားလိုက်လို့၊ မသိလိုက်လို့ များလား၊ ဒါမှမဟုတ် စိတ်ပုပ်၊ စိတ်ယုတ်ရှိတဲ့သူမို့လို့ များလား စဉ်းစားစရာဖြစ်တော့ဖြစ်နေပြီပေါ့ကွာ"

"ဒီအတိုင်းဆိုရင်တော့ အဖြေမှန်နဲ့ ဝေးနေသေးတယ် သူငယ်ချင်းရေ"

"ဩော် ဒီလိုလား။ ကိုယ့်အတွေးကတော့ အဖြေမှန်နဲ့ အနီးလေးပါဗျား"

လဂွန်းအိမ်က ဗညားကိုနောက်ပြောင် ကျီဆယ်လိုက်ပြီး အဖြေမှန်ကို ဖြည်းဖြည်းချင်းဖြေလိုက်သည်။

"တစ်ခါတည်းပဲ ဖြေလိုက်ပါ့မယ်။ သူငယ်ချင်းရဲ့ မေးခွန်းကဘာတဲ့ 'ခွဲမရအောင်ချစ်၊ အကူတောင်းတော့ မဖြစ်' ဆိုတော့ကွာ အဖြေက 'ကိုယ့်အရိပ်'ပေါ့။ ကချင်တိုင်းရင်းသားရိုးရာ စကားထာတွေထဲကပဲ ဖြစ်ပါတယ်ဗျား၊ မှန်လောက်ပါတယ်နော်သူငယ်ချင်း"

ဗညားတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ လဂွန်းအိမ်၏အဖြေစကားက တိကျသေချာစွာ ဖြေကြားလိုက်ခြင်းကြောင့် ဗညားခမျာ ဘာမျှပြန်မပြောနိုင်အောင် ဖြစ်သွားရတော့သည်။

ထိုအချိန်တွင် နာရီမောင်းလေးချက်တီးသည့် အသံက ဘုန်းကြီးကျောင်းမှ ထွက်ပေါ်လာရာ ညနေပိုင်းရေချိုးရန် အချက်ပေးသံဖြစ်သဖြင့် ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတစ်ပိုင်းဖြင့် တက်သွားကြလေတော့သည်။ ။

# ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ

ပါမောက္ခဒေါက်တာခင်ရီဝင်း

## လင်းနို့ပုံပြင်

လွန်ခဲ့သောနှစ်ပေါင်းများစွာက ဒေါင်းများသည် ၄က်တို့၏ဘုရင်ဖြစ်ခဲ့သည်။ အားလုံးသော ၄က်အပေါင်းသည် ၄က်ဘုရင်ကြီးစားသုံးရန်အတွက် အစာများကို တောအတွင်းမှရှာဖွေကာ လာရောက်ဆက်သကြရသည်။ ထို့အတူ ကြွက်များကို အုပ်စိုးသောကြွက်မင်းကြီးလည်းရှိလေသည်။ ကြွက်အပေါင်းသည်လည်း ကြွက်မင်းကြီးအတွက် သစ်မြစ်သစ်ဖုများနှင့် အစာများကိုရှာဖွေဆက်သကြရလေ့ရှိသည်။

တစ်နေ့တွင် ဒေါင်းဘုရင်ကြီးက အတွေးတစ်ခုရကာ ငယ်သားအပေါင်းကို မေးခွန်းထုတ်လိုက်သည်။ "ဒီလောကမှာ ၄က်နဲ့တူတဲ့ အခြားသော ဘယ်လိုသတ္တဝါတွေများ ရှိပါသေးသလဲ"

"မှန်လှပါ မင်းကြီး၊ ကျွန်ုပ်တို့ကဲ့သို့ ပျံသန်းနိုင်တဲ့ သတ္တဝါတစ်မျိုး ရှိပါသေးတယ်။ အဲဒီသတ္တဝါဟာ လင်းနို့ပဲဖြစ်ပါတယ်။ လင်းနို့လို့ပဲ ခေါ်ပါတယ်" ဟု လျှောက်တင်လိုက်လေရာ ဒေါင်းမင်းကြီးက လင်းနို့ဆိုတဲ့သတ္တဝါကို ရှေ့တော်မှောက်သို့သွင်းစေရန် အမိန့်ပေးသည့်အခါ ၄က်အပေါင်းတို့က လင်းနို့အား မရမကခေါ်ဆောင်လာလေတော့သည်။

"အလို အသင်လင်းနို့၊ သင်တို့ဟာ အခြားသော၄က်များကဲ့သို့ ငါလိုဘုရင်မင်းမြတ်ထံသို့ အဘယ်အကြောင်းကြောင့် အစာရေစာများ လာရောက်မဆက်သကြတာပါလဲ"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ လင်းနို့တွေဟာ ကောင်းကင်မှာ ပျံသန်းနိုင်တယ်ဆိုသော်လည်းပဲ ၄က်မျိုးစိတ်မဟုတ်ပါ။ ကျွန်ုပ်တို့ဟာ ခြေလေးချောင်းသတ္တဝါများသာ ဖြစ်ပါတယ်။ ၄က်များကဲ့သို့ ဥလည်းမဥဘဲ ကြွက်နှင့်လူများကဲ့သို့သာ အကောင်လိုက်မွေးဖွားကြခြင်းသာ ဖြစ်လို့ ၄က်များနဲ့မတူညီပါဘုရား"ဟု လင်းနို့က အကျယ်တဝင့် ရှင်းလင်းလျှောက်ထားသဖြင့် ဒေါင်းဘုရင်ကြီးလည်း နားလည်သဘောပေါက်သွားပြီး လင်းနို့များသည် ၄က်မျိုးမဟုတ်ကြောင်း လက်ခံခဲ့သဖြင့် ပြန်လွှတ်လိုက်လေတော့သည်။

ထိုသတင်းသည် တောအတွင်းပျံ့နှံ့သွားရာ ကြွက်မင်းကလည်း ကြွက်အပေါင်းကိုခေါ်ယူကာ ကြွက်တို့နှင့် အလားတူသတ္တဝါမျိုးရှိနိုင်

သလောဟု မေးမြန်းလေသည်။

"အလားတူ သတ္တဝါတစ်မျိုးတော့ရှိပါတယ်။ အဲဒီသတ္တဝါဟာ ရှေ့သွားနှစ်ချောင်းရှိတဲ့အပြင် ခြေလေးချောင်းလည်း ပါရှိပါတယ်။ မျိုးဆက်ပြန့်ပွားရာမှာလည်း ၄က်များကဲ့သို့ ဥဥတဲ့အမျိုးမဟုတ်ဘဲ ကျွန်တော်မျိုးတို့လို အကောင်လိုက် မွေးဖွားကြတာလို့သိရပါတယ်။ အဲဒီသတ္တဝါကို လင်းနို့လို့ခေါ်ပါတယ် မင်းကြီး"

"ဟေ ဟုတ်ပေသားပဲ။ ဒါဆိုရင်တော့ လင်းနို့ဟာ ငါတို့မျိုးစိတ်ဖြစ်မှာ သေချာတယ်။ ပြောနေကြာပါတယ်၊ အမြန်ဆုံးရှေ့တော်မှောက် အရောက်သွင်းစေ"

ကြွက်မင်းကြီးက မိန့်တော်မူလိုက်ရာ ကြွက်အပေါင်းကလည်း လင်းနို့ကို မရမကရှာဖွေကာ ကြွက်မင်းကြီးထံသို့ ပို့ဆောင်ကြလေသည်။

"အသင်လင်းနို့၊ အသင်တို့ဟာ ငါတို့နဲ့မျိုးစိတ်တူပါလျက်နဲ့ ဘာကြောင့်များ အစာရေစာ မဆက်သကြတာပါလဲ။ ဆိုစမ်းပါဦး"

"အရှင်မင်းကြီးရယ် ကျွန်တို့ဟာ ကြွက်မျိုးစိတ်မဟုတ်ရပါဘူး။ ၄က်များကဲ့သို့ အတောင်ပံရှိပြီး လေထဲမှာ ပျံသန်းနိုင်ပါတယ်။ ကြွက်များလိုတော့ မြေကြီးမှာ တွင်းမတူးတတ်ပါဘူး။ ဒီလို သဘာဝတွေ ကွဲပြားခြားနားလှပါတယ်" ဟု လင်းနို့ကပြန်လည်လျှောက်တင်လိုက်ရာ ကြွက်မင်းကြီးလည်း နားလည်သွားပြီး လင်းနို့ကို ပြန်လွှတ်လိုက်လေတော့သည်။

ထိုသတင်းကိုလည်း ၄က်အပေါင်းတို့က ပြန်လည်ကြားရသည့်အခါ လင်းနို့များကို လွန်စွာဒေါသထွက်ကြလေတော့သည်။ လွန်စွာ မုန်းတီးသွားကြသည်။

အလားတူ ကြွက်များကလည်း လင်းနို့များကို မုန်းတီးကြလေသည်။

ဒေါင်းများနှင့် ကျီးများကလည်း လင်းနို့များကို တွေ့သည့်နေရာတွင် တိုက်ခိုက်ကြသည်။ နောက်ပိုင်းတွင် ကြွက်မင်းကြီးကလည်း လင်းနို့များကို တွေ့သည့်နေရာတွင် ရန်မူတိုက်ခိုက်ရန်နှင့် လင်းနို့၏ ရင်သွေးများကိုပါ ချန်မထားဘဲ တိုက်ခိုက်ဖျက်ဆီးရန် အမိန့်ပေးလိုက်လေတော့သည်။

ထို့ကြောင့် လင်းနို့များသည် နေ့အခါတွင် အပြင်သို့ မထွက်ရဲကြတော့ဘဲ ညအချိန်မှသာ အပြင်သို့ ထွက်ရဲကြတော့သည်။ သစ်ပင်ပေါ်တွင် နားသည့်အခါ၌လည်း ကြွက်တွင်းထဲရှိ ကြွက်များ၏ ရန်ကို ကြောက်ရသောကြောင့် မြေပြင်သို့ဦးခေါင်းထားကာ ဇောက်ထိုး နားနေကြသည်မှာ ယနေ့တိုင်ဖြစ်ပေတော့သည်။

**Ref; SHAN LEGENDS by Pu Lol Hom and Pu Lol Tun.**

# တောင်သမန်အင်း တောင်ယွန်းယွန်းက နှစ်ဆောင်ပြိုင်ဧရပ်

**မောင်ဓာတု**

အမရပူရသည် ကုန်းဘောင်မင်းဆက်တွင် မြို့နန်းစိုက်ရာဖြစ်ခဲ့၍ လွန်ခဲ့သောနှစ်ပေါင်း ၁၇၀-၂၀၀ ဝန်းကျင်က ရှေးဟောင်းအဆောက်အအုံနှင့် ယဉ်ကျေးမှုအမွေအနှစ်များစွာ ရှိပါသည်။

ကမ္ဘာထိ ကျော်ကြားထင်ရှားသော တောင်သမန်၊ ဦးပိန်တံတား၏ တောင်ဘက်ယွန်းယွန်းတွင် နှစ်ဆောင်ပြိုင်ဧရပ်နှင့် ရေတွင်းတစ်တွင်း ရှိခဲ့ကြောင်း သိရ၍ သမိုင်းကွင်းဆက် စူးစမ်းခဲ့ပါသည်။ နှစ်ကာလ ခန့်မှန်းလျှင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ဝန်းကျင်ဖြစ်နိုင်ပြီး ဧရပ်အသွင် မတွေ့ရတော့ဘဲ ရှေးဟောင်းကျွန်းတိုင်များသာကျန်ရှိတော့သည်။

မြန်မာတို့၏ ချစ်စဖွယ်ဓလေ့အရ ခရီးသွားများ ခရီးပန်းလျှင် သောက်သုံးရန် လမ်းဘေးတွင် ရေအိုးစင်တည်သကဲ့သို့ ဧရပ်များလည်း တည်ဆောက်ကြသည်မှာ ရှေးမင်းများလက်ထက်မှစ၍ ယနေ့တိုင် ရှိနေပါသေးသည်။ လေ့လာသိရှိရသမျှ အမရပူရနှင့် အင်းဝခေတ်တွင် ပွင့်လင်းရာသီ၌ ထိုနှစ်မြို့နှင့် နီးစပ်ရာရွာများသို့ ခြေကျင်တစ်ဖုံ၊ လှည်းများနှင့်တစ်သွယ် ကူးလူးသွားလာသည့် လမ်းပိုင်းတွင် နှစ်ဆောင်ပြိုင်ဧရပ် ဆောက်လုပ်ခဲ့သည်ဟု သိရသည်။

"လက်ပံစင်ရွာကနေ အရှေ့မြောက်ဘက်စူးစူးသွားရင် နှစ်ဆောင်ပြိုင်ဧရပ်တွေ့ရမယ်။ သက်နံ့သာရွာနဲ့ ပိုနီးတယ်။ အဲဒီဧရပ်က ရွှေလှံဗိုလ်ဘုရားကနေ အမရပူရကိုလာတဲ့လမ်းနဲ့ အင်းဝကနေ မြစ်ရိုးအတိုင်း လမ်းမှာပါ။ ပွင့်လင်းရာသီမှာ အင်းဝကနေ အမရပူရကို နန်းမတော်မယ်နု လာလေ့ရှိတဲ့ လှည်းလမ်းရှိပြီး အုတ်ရိုးတွေက ဒေါင်လိုက်ခင်းထားတာ။ တချို့နေရာမှာ လက်ကျန်ရှိသေးတယ်" ဟု တောင်သမန်ရွာမှ တောင်သူကြီး ဦးကျော်ကျော်ဝင်းက ပြောသည်။

နှစ်ဆောင်ပြိုင်ဧရပ်ရှိရာသို့ ရောက်ရှိလေ့လာရာခဲ့၌ အမိုးအကာမဲ့သော နှစ်ခန်း၊ သုံးခန်းဖွဲ့ထားသည့် ကျွန်းတိုင် ကိုးလုံးနှင့် ထုတ်၊ ရောက်များကို ယာစိုက်ခင်းများအလယ်၌ အထီးကျန်စွာတွေ့ခဲ့ရသည်။ မူလရှေးလက်ကျန်များ ကျန်ရှိနိုင်မည်ဟု ထင်မှတ်ခဲ့ရာ မှန်းချက်နှင့် မကိုက်ခဲ့၍ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ထိုမှ မြောက်ဘက်ဆီ အဝေးသို့ မျှော်ကြည့်လိုက်လျှင် ဦးပိန်တံတားကို ခပ်ရေးရေးမြင်တွေ့ရသည်။

"နှစ်ဆောင်ပြိုင်ဧရပ်နားမှာ ကျွန်မတို့အခင်းရှိလို့ ငယ်ငယ်က ပဲစိုက်သွားတိုင်း အဲဒီဧရပ်မှာ နားကြတယ်။ ထမင်းစားတယ်ပေါ့။

နှစ်ဆောင်ပြိုင်ဧရပ်လို့ လူကြီးတွေ ပြောကြတာလောက်ပဲသိတာပါ။ ကျွန်မတို့ငယ်ငယ်တုန်းက ရေတွင်းလေးရှိသေးတယ်။ စိုက်ပျိုးရေးမလုပ်တော့တဲ့နောက် အဲဒီနေရာမရောက်တာ ဒီနေ့အထိပဲ" ဟု အသက် (၆၀) အရွယ်ရှိ လက်ပံစင်ရွာတွင် နေထိုင်သူတစ်ဦးက ပြောသည်။

နှစ်ဆောင်ပြိုင်ဧရပ်ဟု ခေါ်ကြသော်လည်း ဧရပ်နှစ်ဆောင်ကို ဘေးချင်းယှဉ်လျက် အမိုးချင်းပြိုင်၍ ဆောက်လုပ်ထားခြင်းမဟုတ်။ ရှေ့နောက်ယှဉ်၍ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ ဧရပ်တည်ဆောက်သူကို စုံစမ်းမရခဲ့သဖြင့် အများကောင်းမှုဖြစ်နိုင်ကြောင်း လက်ပံစင်ရွာမှ အသက် (၉၀) ကျော်အရွယ်ရှိ ဦးညွှန့်မောင်ထံမှ သိရသည်။ ဧရပ်အနောက်ဘက်၌ ရေတွင်းတစ်တွင်းရှိခဲ့ပြီး လှည်းခေတ်၊ ခြေကျင်ခေတ်ဖြစ်၍ ခရီးတစ်ထောက်နားကြသည့် စခန်းသာတစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။ အချို့က ညအိပ်သည်။ ဝန်စည်စလယ်နှင့် နွားလှည်းများ လည်းပါသည်ဖြစ်ရာ သောက်ရေ၊ သုံးရေ အဆင်ပြေစေရန် ရေတွင်းတစ်တွင်းလည်း ရှိခဲ့သည်။ မျက်မှောက်ကာလတွင် ထိုရေတွင်းမှာ မြေအောက်သို့ ငုပ်လျှိုးခဲ့ပြီဖြစ်သည်။ နှောင်းလူတို့ ဧရပ်ကိုဧရပ်မှန်းမသိ၊ ရေတွင်းရှိခဲ့သည်ကိုလည်း သိကြတော့မည်မဟုတ်ဘဲ သမိုင်းတစ်ခု တိမ်မြုပ်သွားရပေတော့မည်ဟု ဒေသခံအဘိုးတစ်ဦး၏ စကားကို ဝမ်းနည်းဖွယ်ကြားသိရသည်။

"နှစ်ဆောင်ပြိုင်ဧရပ်ဆိုတာ ဒီရွာရဲ့ ဟိုအရှေ့မြောက်ဘက်မှာ ရှိတယ်။ ကျုပ်ရဲ့အဖေကြီးတို့ကို မေးကြည့်ခဲ့ဖူးတယ်။ သူတို့လည်း မသိကြဘူးဆိုတော့ အတော်ကိုရှေးကျပါတယ်။ စျေးရောင်းစျေးဝယ်တွေ သွားလာကြ၊ နားကြတာလောက်ပဲသိတယ်။ အဲဒီဧရပ်အကြောင်း ပြောရင် လက်ပံစင်ဧရပ်ရယ်၊ လက်ပံစင်တံတားရယ်က ဆက်စပ်မှုရှိတယ်"ဟု လက်ပံစင်ရွာမှ ဦးညွှန့်မောင်က ပြောသည်။

ပြောင်းလဲမှုနိယာမအရ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရာမှ ရှေးမူလကလမ်းများ ပျောက်သွားခဲ့သည်။ နှစ်ဆောင်ပြိုင်ဧရပ်မှာလည်း ထိုးထိုးထောင်ထောင်နှင့် ဧရပ်တစ်ဆောင်၏ တိုင်လုံးများသာ တွေ့ရတော့သည်။ ဧရပ်နှစ်ဆောင် မပြိုင်နိုင်တော့ဘဲ တစ်ဆောင်တည်းသော လက်ကျန်တိုင်လုံးများသာ ကျန်ရှိတော့သည်။ ခြေတံရှည် လယ်စောင့်တဲလောက်ပင် မခမ်းနားတော့သော နှစ်ဆောင်ပြိုင်ဧရပ်မှာ အနာဂတ်တွင် ပျောက်ကွယ်သွားတော့မည်ဖြစ်သည်။

နှစ်ဆောင်ပြိုင်ဧရပ်နှင့်ဆက်စပ်လျက် လက်ပံစင်ရွာဦးတွင် ဧရပ်တစ်ဆောင်နှင့် ယင်းဧရပ်အနီး တံတားတစ်စင်းတွေ့ခဲ့ရသည်။ ၎င်းတို့သည်လည်း ရှေးနှစ်ပေါင်းရာကျော်ပြီဖြစ်၍ ဧရပ်မှာ ယိမ်းယိုင်နေပြီဖြစ်သည်။ ယင်းအလျှူရှင်မှာ ဘုန်းအိုးရွာမှဖြစ်၍ တံတားမှာ ရှေးက ပေ ၁၀၀ ခန့်ရှိခဲ့ရာမှ ယနေ့ ပေ ၃၀ ခန့်သာ ရှိတော့သည်။ အမရပူရသည် ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်တို့နှင့် ဆက်စပ်လျက်ရှိသည့် မြေနိမ့်ဒေသဖြစ်သောကြောင့် ရှေးဟောင်းတံတား ကိုးစင်းရှိကြောင်း သိရသည်။

မည်သို့ပင်ဆိုစေ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ချစ်မြတ်နိုးပြီး ထိန်းသိမ်းကြရမည်မှာ အနီးဆုံးသော ဒေသခံများ၌ ပထမဆုံးတာဝန်ရှိပြီး လယ်ယာစိုက်ခင်း ချဲ့ထွင်ခြင်းနှင့် အခြားအကြောင်းပြချက်များကြောင့် ကွယ်ပျောက်သွားနိုင်ပါသည်။ အမရပူရမှ သာသနိကအဆောက်အအုံများ၊ တောင်သမန်အင်း၊ ဦးပိန်တံတား စသည့်ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များစွာကို ဌာနဆိုင်ရာနှင့် အများပြည်သူတို့က ထိန်းသိမ်းကြရပါမည်ဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

# We Tech Expo ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းများပါဝင်ပြသရန်ဖိတ်ကြား

**နေပြည်တော် ဒီဇင်ဘာ ၇**

ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် ကျိုတိုမြို့တို့၌ ၂၀၂၃ ခုနှစ် မတ်လအတွင်းကျင်းပမည့် We Tech Expo သည် နည်းပညာဆိုင်ရာပြပွဲ ဖြစ်သော်လည်း နည်းပညာနှင့် တီထွင်ကြံဆမှုအပြင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ မြန်မာ့လက်မှုပစ္စည်းများနှင့် မြန်မာ့ခရီးသွားလုပ်ငန်းများ ပါဝင်ပြသနိုင်ရေး မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအား ဖိတ်ကြားလာသည်။

We Tech Expo တွင် ပါဝင်ပြသခြင်းဖြင့် မြန်မာနိုင်ငံ၏ နည်းပညာနှင့် တီထွင်ကြံဆမှုနှင့် သက်ဆိုင်သည့်လုပ်ငန်းများ၊ ထွန်းသစ်စအစပျိုးလုပ်ငန်းများ (Startups)များနှင့်အတူ မြန်မာ့လက်မှုပစ္စည်းများနှင့် မြန်မာ့ခရီးသွားလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အရေးရရှိနိုင်ပြီး စီးပွားရေးမိတ်ဖက်များ ရရှိရန် ချဲ့ထွင်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ တို့သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်း ရွှေဈေးကွက်အလားအလာ

**နေပြည်တော် ဒီဇင်ဘာ ၇**

ယခုအချိန်တွင် ကမ္ဘာ့ရွှေဈေးနှုန်းများ ပိုမိုလာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိနေသည်ကို တွေ့ရသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၇၁ ဖြစ်၍ ယခင်အပတ်ရွှေဈေးနှုန်းထက် ၁၈ ဒေါ်လာ ပိုမိုလာခဲ့သည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ယခုအပတ်ရည်ညွှန်းဈေးနှုန်းမှာလည်း ဌေကျပ် ၂၀၈၆၀၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ဌေကျပ် ၂၁၀၀၀ ပိုမိုသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ဌေကျပ်လေးသိန်းခွဲခန့်ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ဌေကျပ် ၂၅၃၀၀၀၀ ခန့် ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ပိုမိုလာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ ယခင်အပတ် ဈေးကွက်ပေါက်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **DOCA (ရန်ကုန်)**

# လွယ်ကျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၇**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၆ ရက် လွယ်ကျယ်နယ်စပ်မှ တစ်ဖက်တရုတ်နိုင်ငံသို့ ဆန် ၁၀ စီး တန်ချိန် ၂၉၄ တန်၊ ဆန်ကွဲငါးစီး တန်ချိန် ၁၉၁ ဒသမ ၃၀၊ တစ်သျှူးငှက်ပျော ခြောက်စီး တန်ချိန် ၉၆ တန်၊ ကြံ ၇၅ စီး တန်ချိန် ၆၅၀၊ ပြောင်းရှစ်စီး တန်ချိန် ၁၄၀ တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်အနေဖြင့် ပိတ်လိပ်နှစ်စီး တန်ချိန် ၃၄ ဒသမ ၅၀၊ ကုန်စုံနှစ်စီး တန်ချိန် ၁၀ ဒသမ ၂၀၊ ဓာတ်မြေသြဇာနှစ်စီး တန်ချိန် ၆၀၊ သွပ်နန်းခွေတစ်စီး တန်ချိန် ၁၅ တန်၊ ပီနံအိတ်တစ်စီး တန်ချိန် ၁၃ ဒသမ ၅၀၊ ဂျပ်စက္ကူသုံးစီး တန်ချိန် ၁၆ ဒသမ ၅၀ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**အနည်းငယ်မြင့်တက်**

လွယ်ကျယ်နယ်စပ်ဒေသတွင် နိုဝင်ဘာ ၁ ရက်နေ့ရှိ ငွေကြေးဈေးကွက်မှာ တစ်ယွမ်လျှင် ၄၁၆ ဒသမ ၆၇ ကျပ်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်နေ့တွင် တစ်ယွမ်လျှင် ၃၉၃ ဒသမ ၇၁ ကျပ်ထိ မြန်မာကျပ်ငွေဈေး အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။

**သတင်းစဉ်**



# ဆီးဖြူသီးအမှုန့်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေ

**နေပြည်တော် ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တရုတ်ကောအုပ်စု သဖန်းကုန်းကျေးရွာတွင် ရာသီပေါ်ဆီးဖြူသီးအမှုန့်လုပ်ငန်းကို မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြသူများ အဆင်ပြေလျက်ရှိကြောင်း၊ ဆီးဖြူသီးအမှုန့်လုပ်ငန်းကို ဆီးဖြူသီးပေါ်ချိန်ဖြစ်သော သီတင်းကျွတ်လဆန်းမှ တပေါင်းလအထိ ဆီးဖြူသီးအမှုန့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကို လုပ်ကိုင်ကြကြောင်း၊ ဆီးဖြူသီးအမှုန့် ထုတ်လုပ်ရာတွင် ဆီးဖြူသီးအလုံးများကို အနု၊ အရင့်ရွေးပြီး မောင်းစင်ဖြင့် အမှုန့်ဖြစ်အောင် ထောင်းရကြောင်း၊ ထောင်းပြီးသားအမှုန့်များကို အရည်ညှစ်ပြီးနောက် အမှုန့်များကိုကြာရှည်စွာ စားသုံးနိုင်ရန်အတွက် ဆားဖြင့်ပက်ဖျန်းပြီးနေလှန်းကာ အမှုန့်များထဲတွင်ပါဝင်သော အစေ့ကွဲများကို ရွေးထုတ်ရကြောင်း သိရသည်။

ဆီးဖြူသီးအလုံး တစ်တင်းလျှင် ဌေကျပ် ၇၀၀၀ မှ ၁၀၀၀၀ အထိဖြင့် ဝယ်ယူရကြောင်း၊ လုပ်သားခအနေဖြင့် ဆီးဖြူသီးအလုံးတစ်တင်းလျှင် မောင်းထောင်းခ ဌေကျပ် ၂၅၀၀၊ အရည်ညှစ်ခ ဌေကျပ် ၅၀၀ ၊ အစေ့ကွဲရွေးခ ဌေကျပ် ၅၀၀ စသည်ဖြင့် ၄ားရမ်းရကြောင်း၊ ဆီးဖြူသီးတစ်တင်းလျှင် ကုန်ကျစရိတ်အနေဖြင့် ဌေကျပ် ၁၃၅၀၀ ကုန်ကျပြီး ၂၅၀၀၀ ဖြင့် ရောင်းရ၍ အကျိုးအမြတ်အနေဖြင့် ဌေကျပ် ၁၁၅၀၀ ရရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့အပြင် မကွေး၊ အောင်လံ၊ ပြည်၊ နတ်မောက်၊ မြို့သစ်၊ ကျောက်ပန်းတောင်း စသည့်မြို့နယ်များအထိ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**DOCA(မကွေး)**

# ကမ္ဘာ့ရေနံစိမ်း ဈေးကျနိုင်ဖွယ်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ရေနံသုံးစွဲမှုထိပ်တန်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင် ငွေဖောင်းပွနှုန်းကိုလျှော့ချရန် ဗဟိုဘဏ်မှ အတိုးနှုန်းကို အမြင့်ဆုံးသို့ သတ်မှတ်နေချိန်၌ ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန်ဖြစ်ပွားမှုကြောင့် ကန့်သတ်ထားမှုစည်းမျဉ်းများကို ပြန်လည်ချမှတ်နေစဉ်ကာလ ဖြစ်နေခြင်းကြောင့် ရေနံစိမ်းဈေးနှုန်းသည် ရှေ့လာမည့်လများတွင် ဈေးကျနိုင်ဖွယ်ရှိသည်ဟု ဈေးကွက်လေ့လာသူများက ပြောကြားကြောင်း သိရသည်။

သို့ဖြစ်၍ ရှေ့လာမည့်လများအတွင်း ရေနံစိမ်းအဝယ်များ လျော့နည်းလာမှုနှင့် အရောင်းဖြန့်ဖြူးမှုများ များပြားလာပါက ကမ္ဘာ့ရေနံဈေးကွက်တွင် ပြောင်းလဲမှုများကြုံနိုင်သဖြင့် ကုန်သည်များနှင့် ဆန်းစစ်လေ့လာသူများက စိုးရိမ်နေကြကြောင်း သိရသည်။

**ရင်းမြစ်-Retuers**

# ဘဂ်လားဒေ့ရှ်သို့ တင်ပို့လျက်ရှိသော ထွန်းရွှေဝါလိမ်းဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

မောင်တောကုန်သွယ်ရေးစခန်းမှ ဘဂ်လားဒေ့ရှ်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းများ တင်ပို့လျက်ရှိရာတွင် စက်မှုကုန်ချောပစ္စည်းတစ်မျိုးဖြစ်သည့် ထွန်းရွှေဝါလိမ်းဆေးကို ပြည်ပပို့ကုန်အဖြစ် မောင်တောကုန်သွယ်ရေးစခန်းမှ ဘဂ်လားဒေ့ရှ်နိုင်ငံ ဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ခဲ့သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မိနီဘတ်ဂျက် ခြောက်လတာကာလအတွင်း ထွန်းရွှေဝါလိမ်းဆေး တန်ချိန် သုည ဒသမ ၅ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း ထွန်းရွှေဝါလိမ်းဆေး တင်ပို့မှုတန်ချိန် ၁ ဒသမ ၂ တန် တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ပိုမိုတင်ပို့နိုင်ခဲ့သည်။ ဘဂ်လားဒေ့ရှ်ဈေးကွက်တွင် အမြဲတမ်း ဝယ်လိုအားရှိသည့်အလျောက် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ထွန်းရွှေဝါလိမ်းဆေးများအား တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၇၆၉ ကျပ်၊ တစ်ဒေါ်လာလျှင် ၁၁၃ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၅၀ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တမူးမြို့နယ်စပ်၌ ဖြစ်ပေါ်နေသော ကုန်သွယ်မှုနှင့်ကုန်ဈေးနှုန်းအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၇**

တမူးကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ပို့ကုန်အနေဖြင့် နန်းဖာလုံ ကုန်မျိုးစုံနှင့် စီးကရက် စုစုပေါင်းတန်ချိန် ၉ ဒသမ ၄၅၀ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ဒီဇင်ဘာ ၇ ရက် ပြင်ပငွေလဲနှုန်းမှာတစ်ဒေါ်လာလျှင် ၂၅၅၆ ကျပ်၊ တစ်ဒေါ်လာလျှင် ၈၂ ဒသမ ၄၅ ရူပီး၊ တစ်ရူပီးလျှင် ၃၁ ကျပ်၊ ၁၀၀ ကျပ်လျှင် ၃ ဒသမ ၂၃ ရူပီး ဖြစ်ပေါ်လျက်ရှိသည်။

တမူးမြို့၏ အခြေခံစားသုံးကုန်ဈေးနှုန်းများမှာ ဧည့်မထဆန်တစ်အိတ်လျှင် ဌေကျပ် ၄၇၅၀၀၊ ပေါ်ဆန်းမွေး တစ်အိတ်လျှင် ဌေကျပ် ၉၇၀၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ဌေကျပ် ၁၂၅၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ဌေကျပ် ၉၅၀၀၊ ကြက်ဥတစ်လုံးလျှင် ဌေကျပ် ၃၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ဌေကျပ် ၆၀၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် ဌေကျပ် ၅၅၀၀ နှင့် ငရုတ်သီးခြောက်တစ်ပိဿာလျှင် ဌေကျပ် ၂၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်း ဝါးခြင်းတောင်းလုပ်ခြင်းလုပ်ငန်းများ အဆင်ပြေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဝါးထရုံ၊ ဝါးဖျာ၊ ဝါးခမောက်၊ ဝါးကုလားထိုင်၊ ဝါးခြင်းတောင်း အမျိုးမျိုး တစ်နိုင်တစ်ပိုင် ရက်လုပ်ရောင်းချခြင်းဖြင့် မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဝါးခြင်းတောင်း ရက်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သော ဝါးတစ်လုံးလျှင် ဌေကျပ် ၁၀၀၀ ခန့်ဖြင့် ဝယ်ယူရကြောင်း၊ တောင်းရက်လုပ်ပြီးစီးမှုအနေဖြင့် တစ်နေ့လျှင် တောင်းအသေး လေးလုံး၊ အလတ်သုံးလုံး၊ အကြီးနှစ်လုံး ရက်လုပ်ပြီးစီးပြီး ပုတ်တစ်လုံးကို တစ်နေကုန် ရက်လုပ်ရသည်။

ဝါးတစ်လုံးကို လိုအပ်သလို ခွဲခြမ်းစိတ်ဖျာ၍ တောင်းရက်လုပ်ရာတွင် တောင်းအသေး သုံးလုံး၊ အလတ်နှစ်လုံး၊ အကြီးတစ်လုံးရရှိပြီး ပုတ်တစ်လုံးရရှိရန် ဝါးသုံးလုံးခန့် အသုံးပြုရကြောင်း၊ ဈေးနှုန်းအနေဖြင့် တောင်းအသေးတစ်လုံးလျှင် ဌေကျပ် ၃၅၀၀၊ အလတ်တစ်လုံးလျှင် ဌေကျပ် ၅၀၀၀၊ အကြီးတစ်လုံးလျှင် ဌေကျပ် ၇၀၀၀၊ ပုတ်အသေးတစ်လုံးလျှင် ဌေကျပ် ၁၃၀၀၀၊ အလတ်တစ်လုံးလျှင် ဌေကျပ် ၁၄၀၀၀ ဖြင့် ရက်လုပ်ရကြောင်း သိရသည်။

**DOCA(မကွေး)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၂-၂၀၂၂ရက်နေ့ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ (၂၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၅)ဒေါ်ပိုးအိအိဖြူ(ခ)ဒေါ်ဥမ္မာသွင်၏အမည်ပြောင်းတွင်မြေအမည်ပေါက်ဦးမျိုးမင်းထွန်းဟုအမှန်ဖတ်ရှုပါရန်။

## အမည်ပြောင်း

လမ်းမတော်မြို့နယ်၊ အထက(၂) လမ်းမတော်၊ GRADE-8 မှ အဖ ဦးဇင်မောင်ဦး [၁/ဆကခ(နိုင်)၀၀၈၈၇၂]၏ သမီး မကလျာမမ မှ မကလျာမမ ဟုပြောင်းလဲခေါ်ပေးပါရန်။

**မကလျာမမ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း ၅၄/ နမ/၆ ကျောင်းကုန်းရပ်ကွက်၊ ပဒုမ္မာလမ်း၊ မြေအမျိုးအစား ပါမစ်မြေ၊ ခြံအမှတ် ၂၂၂(က)ရှိ မြေရှင်အမည်ပေါက် ဦးကျော်မြင့်[၁၂/မဂဒ(နိုင်)၀၀၆၃၃]၏၊ အကျယ်ပေ(၂၀x၆၀)ပေနှင့် ခြံအမှတ် ၂၂၂(ခ)ရှိ မြေရှင်အမည်ပေါက် ဒေါ်သန်းသန်း[၁၂/မဂဒ(နိုင်)၉၇၄၃၉၀]၏၊ အကျယ်ပေ(၂၀x၆၀)ပေတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စိန်လှိုင်[၁၄/လပတ(နိုင်)၀၃၉၁၈၈]မှ ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ရယူထားသူဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါခြံအမှတ် ၂၂၂(က+ခ)နှင့်ပတ်သက်ပြီး ကျွန်ုပ်၏ မိတ်ဆွေသာပိုင်ဆိုင်သူဖြစ်ပြီး ၎င်းသိရှိခြင်းမရှိဘဲ ထိုခြံမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးစံပယ်ထွေး(LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၄၄)**
**ရွှေပြည်သာအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းအကြံပေး**
**ဖုန်း-၀၉-၇၉၉၇၄၁၃၃၂၊ ၀၉-၄၂၉၁၃၃၇၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄) ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ (C-6)လမ်း၊ တိုက်အမှတ်-(၃၁)၊ အခန်းအမှတ် (၀၀၄) ဟုခေါ်တွင်သည့် (၅)ထပ်တိုက် အဆောက်အဦးရှိ အကျယ်အနံ့ (၆၀၀) စတုရန်းပေခန့်ရှိ မြေညီထပ်တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် (၂၆-၈-၂၀၂၂) ရက်စွဲပါ ဆက်စပ်စာချုပ်အရ ရောင်းသူ ဦးမျိုးမင်းလတ် [၁/မရက(နိုင်)၁၆၆၂၉၉] မှ အရှုပ်အရှင်းကင်းရှင်းစွာလက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြေညာပါသည့်နေ့ရက်မှ (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအယ်ကိစ္စကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ် (၁၀၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**(၅၁) လမ်းနှင့် (၅၂) လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာ(၁) ရပ်ကွက်၊ ခြံအမှတ်(၁၄၃၄)နှင့် စပ်ဆက်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးအေးနိုင် [၁/ကတန(နိုင်)၀၈၇၉၈၇]မှ ဝန်ခံသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုးရွှေ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၂၀၁၁)**
**အမှတ်(၁၀၃၊ AB)၊ ပထမထပ်၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-5094457**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကျိုးကြီးလမ်း၊ တိုက်အမှတ်(၂၂၄)၊ အခန်း(၃လွှာ/၄လွှာ)၊ အကျယ်အဝန်း(၁၄၄ x ၆၀၀)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းသန်းအေး [၁/လမတ(နိုင်)၀၁၃၄၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သောကြောင့် ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မိုးရွှေ (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၂၀၁၁)**
**အမှတ်(၁၀၃AB)၊ ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့၊**
**ရန်ကုန်မြို့။ ဖုန်း-09-5094457**

## ကဏ္ဍာ

## အပူချိန်

## လျှော့ချဖို့

## အိုဇုန်းလွှာ

## ကာကွယ်မှုနဲ့

## အတူ

## ဆက်လက်

## ဆောင်ရွက်စို့

## (၃၀-၁၁-၂၀၂၂)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၈)တွင် ပါရှိသော ဦးလှမောင် နိုင်ငံသားကတ် [၁/မရက(နိုင်)၀၄၇၅၃၁]နှင့် အများပြည်သူသိရှိစေရန် ကြေညာချက်အပေါ် ဖြစ်ရပ်မှန်အတိုင်း ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလှမောင် (၁၁) ဦးနေအောင် နိုင်ငံသားကတ် အမှတ်[၁/မရက(နိုင်)၀၄၇၅၃၁] အမှတ်(၁၅၃)၊ ရွှေလက်ပံလမ်း၊ (၅)ရပ်ကွက်၊ ထန်းတပင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ခေါင်းစီးပါ ကြေညာချက်အပေါ် ဖြစ်ရပ်မှန်အတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

အဖ ဦးနေအောင် (ကွယ်လွန်) အမိ ဒေါ်အောင်ပု (သက်ရှိ)တို့ပေါင်းသင်းရာမှ သားသမီး(၅)ဦး ထွန်းကားလာခဲ့ပါသည်။ တတိယမြောက် သားဖြစ်သူ ဦးချမ်း(ခ) ဦးဝေချမ်းသည် (၂၄-၁၀-၂၀၂၁)ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ရာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ ဦးချမ်း(ခ)ဦးဝေချမ်း၏ ပစ္စည်းများကို အထက်သို့ မဆန်ဘဲ အစုနှစ်ဖြစ်ကြသော စတုတ္ထမြောက်သား ဦးညီပုခိုင်၊ နိုင်ငံသားကတ် အမှတ်[၁၁/ကဖန(နိုင်)၀၁၃၆၅]နှင့် ကျွန်ုပ်တို့၏မိတ်ဆွေတို့ သဘောတူ ကျေနပ်စွာ (၂၉-၁၀-၂၀၂၂)ရက်တွင် အစ်မဖြစ်သူ ဒေါ်ချမ်းနုမ၏ရှေ့တွင် သဘောတူ ကတိစာချုပ် ချုပ်ဆိုကြကာ စာချုပ်ပါအတိုင်း လက်ထိလက်ရောက် ခွဲဝေရယူကာ ဦးညီပုခိုင်သည် အကျိုးခံစားခွင့်ရရှိပြီး စာချုပ်၌ အောက်ပါအတိုင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်-

အပိုဒ်(၇) ထိုကြောင့် ဦးညီပုခိုင်နှင့်ဦးလှမောင်တို့သည် ဦးဝေချမ်းပိုင် အထက်အပိုဒ်(၄)ပါ ပစ္စည်းများနှင့်ပတ်သက်၍ နောက်နောင်အမွေကြောင်း ပြဿနာ မပေါ်ပေါက်စေရန် ညီအစ်ကိုအချင်းချင်းသဘောတူစွာဖြင့် အောက်ပါ အတိုင်း အမွေခွဲဝေ၍ အပြီးအပြတ်လက်ရောက်ခွဲဝေရယူပြီးဖြစ်ကြောင်း ဝန်ခံ ကတိပြုကြပါသည်။ ဟုလည်းကောင်း-

အပိုဒ်(၈) ဦးညီပုခိုင် ဦးလှမောင်တို့အနေဖြင့် မိမိတို့လက်ဝယ်ရှိ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်တောင်းခံခြင်း၊ ပိုင်ဆိုင်ကြောင်းပြောဆိုခြင်းတို့ ပြုလုပ် ကြတော့မည်မဟုတ်ပါကြောင်း နှစ်ဦးနှစ်ဖက်ဝန်ခံကတိပြုကြပါသည်ဟုလည်းကောင်း ဖော်ပြထားပြီးဖြစ်၍ သတင်းစာတွင် ဖော်ပြသော အမွေကျန်ပစ္စည်းဟု စာချုပ်တွင်ဖော်ပြသော အကြောင်း အရာများကို ကျော်လွန်၍ ထင်ယောင်ထင်မှားဖြစ်စေရန်ကြေညာခြင်းဖြစ်ပါသည်။

(၂၉-၁၀-၂၀၂၂)ရက်စွဲပါ စာချုပ်အရ ဦးချမ်း(ခ)ဦးဝေချမ်း ဦးလှမောင် အကျိုးခံစားခွင့်ရှိသော မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ကြောင်း ဦးညီပုခိုင်ကိုယ်တိုင်သဘောတူထားပြီးဖြစ်ရာ မူလကတည်းက ဦးချမ်းသည် ကျန်းမာရေးမကောင်း၍ လုပ်ငန်းအားလုံးကို ဦးလှမောင်အား လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကာ လုပ်ငန်းအတွက် ကုန်ကြမ်းဝယ်ယူသည့် ငွေကြေးမှအစပြုကာ ဦးလှမောင်ကိုယ်တိုင် မိမိ၏ကိုယ်ပိုင်ငွေများဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဦးညီပုခိုင်၏ ညွှန်ကြားချက်အရ (၈-၁၁-၂၀၂၂)ရက်တွင် အကြောင်းကြားစာပေးပို့ပြီး ဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ဖော်ပြသည့်အပေါ် ဦးလှမောင်ဘက်က (၂၁-၁၁-၂၀၂၂)ရက်စွဲပါ အကြောင်းကြားစာဖြင့် အပြည့်အစုံ အကြောင်းကြားခဲ့ပြီး ဖြစ်သည်ကို သတင်းစာကြေညာရာ၌ ထိန်ချန်ဖုံးကွယ်၍ ကြေညာခြင်းဖြစ်ပါသည်။ ဦးလှမောင်အနေနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း အတွက် ဥပဒေနှင့် အညီ ဆောင်ရွက်သူဖြစ်၍ သတင်းစာပါတောင်းဆိုချက်မှာ မမှန်မကန်တောင်းဆိုနေခြင်းဖြစ်သည့် အပြင် မိမိသဘောတူလက်မှတ်ရေးထိုး ထားသည့် စာချုပ်ကိုပါ ဖောက်ဖျက်ကျော်လွန်နေသူဖြစ်၍ (၁၉-၁၀-၂၀၂၂) ရက်စွဲပါ အမွေဝေလက်ရောက်ခွဲဝေရယူခြင်းစာချုပ် အတည်ဖြစ်နေ၍ (၃၀-၁၁-၂၀၂၂) ရက်စွဲပါ ကြေညာချက်ကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ပြန်လည်ရုပ်သိမ်းရန်တောင်းဆိုသည့်အပြင် ဦးညီပုခိုင်သည် လက်မှတ်ရေးထိုးလက်မှေ့နှိပ်ထားသည့်စာချုပ်ကို ဖောက်ဖျက်ခြင်းပြုသည့်အပေါ် တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ဖြစ်ရပ်မှန်အတိုင်း ပြန်လည်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမြင့်သောင်း** (စဉ်-၄၀၄၄) **တရားလွှတ်တော်ရှေ့နေ**

**ဦးစိန်မြင့်** (စဉ်-၁၀၉၁၆) **အထက်တန်းရှေ့နေ**

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း ကြေညာခြင်း

